# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဦ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဦရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာ၁၀၀၇ ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 24 April 2025 ၁၁၇၉၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ် (၁) မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ် (၁) မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ★**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။




ကြေးမုံ

# လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်ပေး

မြန်မာနိုင်ငံတွင် မကြာသေးမီက အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးသူများနှင့် ဒဏ်ရာအနာတရရရှိကြသော ငလျင်ဒဏ်ခံရသည့် ပြည်သူများ အမြောက်အမြားရှိသည်။ အဆိုပါပြည်သူများနှင့်ပတ်သက် ၍ "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲနှင့်တကွ ကူညီကယ်ဆယ်စောင့်ရှောက်သူများအားလုံးက အင်အားပြင်းငလျင်ကြီး စတင်လှုပ်သည့်အချိန်မှစ၍ ယနေ့ထက်တိုင်အောင် နေ့ညမပြတ် စောင့်ရှောက်ကူညီပေးလျက်ရှိသည်။

ငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင် ငလျင်ဒဏ်ကြောင့် အဆောက်အအုံပြိုကျမှုများနှင့် ရုတ်တရက်ကြုံတွေ့ကြရသည့် ပြည်သူများ အသက်ရှင်သန်နိုင်ရေးအတွက် အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ဆံဖျား အလျင်အမြန်ဆောင်ရွက်ပေးခဲ့ကြသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုကူညီရေးစေတနာရှင်များ၏ ကူညီကယ်တင်ပေးနိုင်မှုကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများအနက် အသက်ရှင်လျက်ပြည်သူ ၆၅၀ ကျော်ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသွားသည့် ပြည်သူ ၇၆၀ ကျော်ကို ရှာဖွေပေးနိုင်ခဲ့ကာ ပျောက်ဆုံးနေသူ ၁၂၀ ကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ငလျင်ဒဏ်ကို ပြင်းထန်စွာခံခဲ့ကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် ဧပြီလ ၂၀ ရက်နေ့အထိ သေဆုံးသူ ၃၇၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၈ ဦး ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ အရာရှိစစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ အရပ်သားပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းလှူဒါန်းပေးခဲ့သည်။

မန္တလေးငလျင်ဘေးဒဏ်ကြောင့် အဆောက်အအုံများပြိုကျပြီး ထိခိုက်ဒဏ်ရာရသူများအား သက်ဆိုင်ရာဒေသအသီးသီးရှိ ဆေးရုံများတွင် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်မြေဒေသများရှိ တပ်မတော်ဆေးရုံများ၌ ပြင်ပလူနာအဖြစ် လာရောက်ကုသမှုခံယူခဲ့သည့် သံဃာတော် ၁၅ ပါး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် အရပ်သားပြည်သူ ၅၀၁၆ ဦးအား လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုပြင်းထန်ပြီး လက်ရှိအချိန်အထိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ သံဃာတော် ၅၁ ပါး၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အရပ်သားပြည်သူ ၄၇၆ ဦးရှိသည်။ ထိခိုက်ဒဏ်ရာရရှိသူများအားလုံးကို ရောဂါသက်သာပျောက်ကင်းသည်အထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ထိခိုက်ဒဏ်ရာအကြီးအသေး၊ အနည်းအများရှိရာ ဆေးရုံအသီးသီး၌ ဂရုတစိုက်စောင့်ရှောက်ကုသပေးမှုများရှိသလို သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင် ဖြစ်ပေါ်လာတတ်သည့် နောက်ဆက်တွဲရောဂါဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်စောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက နေ့ညမပြတ် ကူညီပေးလျက်ရှိသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအပြင် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များစွာရှိသဖြင့် နိုင်ငံတကာက ပံ့ပိုးပေးသည့် ယာယီဆေးရုံများတွင် ပြည်တွင်း၊ ပြည်ပမှ ဆရာဝန်၊ သူနာပြုများက စောင့်ရှောက်ကူညီကုသမှုများပေးလျက်ရှိသည်။ ထို့ပြင် ဒေသအသီးသီးရှိ ယာယီစောင့်ရှောက်ရေးစခန်းများ၊ ယာယီဆေးရုံများနှင့် ဆေးရုံအသီးသီးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယနေ့အချိန်အထိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ပြည်သူများအား ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများတွင် ကုသပေးလျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများမှ လာရောက်ဖွင့်လှစ်ပေးထားသည့် ယာယီဆေးရုံများ၌လည်း ကုသမှုများပေးလျက်ရှိသည်။ ငလျင်ဒဏ်ကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ကြရသူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ "လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ"ဆိုသည့်အတိုင်း နိုင်ငံတော်က ပြည်သူများ ကျန်းမာကြံ့ခိုင်ရှင်သန်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး / ပြည်နယ်ခြောက်ခုတွင် ဧပြီ ၂၃ ရက်အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၄ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

**ထောက်ပံ့လှူဒါန်း**

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၂ ရက် ည ၇ နာရီမှ ဧပြီ ၂၃ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ International Organization For Migration -IOM (မြန်မာ) က ငလျင်ဘေးသင့်သူများအတွက် ထောက်ပံ့ပေးမည့် ရွက်ဖျင်တဲများ၊ ရေသန့်စင်ဆေးပြားများ စုစုပေါင်းတန်ချိန် ၁၀ ဒသမ ၉၆ တန်၊ တရုတ်နိုင်ငံ Shenzhen Salubris Pharmaceuticals Co.,Ltd က China-Myanmar Economic Cooperation and Development Promotion Association မှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀၀) သို့ပေးပို့မည့် ဆေးဝါးများ စုစုပေါင်းတန်ချိန် ၂ ဒသမ ၀၀၄ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့ ကျိုက်ခေါက်စေတီရှိ အာရုံခံတန်ဆောင်းတော်ကြီး ရေစက်ချမင်္ဂလာကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တတေဇ (မြို့ဦးစက်ပစ်ကွင်းကျောင်း)နှင့် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ စေတီတော်မြတ်ဂေါပကအဖွဲ့က အရှေ့ဘက်မုခ်အာရုံခံတန်ဆောင်းတော်ကြီးအား ရှေးမှုမပျက် စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ တန်ဆောင်းတော်ကြီးအား ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် ကျိုက်ခေါက်စေတီရင်ပြင်တော် သုဒ္ဓိယုဝ အထူးအာရုံခံတန်ဆောင်းတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မပျက်မကွက်ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**သန်းဝင်း( သန်လျင်)**

## ၂၃ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၆၇၅ | ၄,၇၈၇,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၇၀၂ | ၂,၂၄၉,၄၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၀၀ | ၁,၆၄၀,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၇၀၃ | ၁,၂၆၅,၄၀၀ |
| TMH | ၂,၇၅၀ | ၂,၉၅၀ | ၅၂ | ၁၄၃,၄၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၆၆၂ | ၉၉၃,၀၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂ | ၈,၂၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၅၇၃ | ၁,၇၇၆,၃၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအား တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

★ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ Aအဆောက်နှင့် B အဆောင်နေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု၊ ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအဆောက်အအုံ Cအဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပျဉ်းမနား အမှတ်(၁) မြို့မဈေးကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြေဧက ၄ ဒသမ ၃၇၅ ဧက ကျယ်ဝန်းကာ ဈေးအဆောက်အအုံ A၊ B၊ C နှင့် D အဆောင်တို့မှ ဆိုင်ခန်းပေါင်း ၁၃၆၉ ခန်းရှိသည့်အနက် ငလျင်ဒဏ်ကြောင့် A အဆောင်နှင့် B အဆောင်တို့မှ ဈေးဆိုင်ခန်းပေါင်း ၃၉၃ ခန်း ပျက်စီးသွားကြောင်း သိရသည်။

ထို့ပြင် ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအတွင်းမှ အဆောက်အအုံ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများကို



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ရောင်းချခွင့် ပြုထားကြောင်း၊ မြို့မဈေးကြီး အသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေး ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဆိုပါကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများနှင့် အခြားကျောင်းအဆောက်အအုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစက်မှုဌာန အဆောက်အအုံ (ရာပြည့်အဆောက်အအုံ)၊ ကျောင်းအုပ်ကြီးရုံး၊ ကရမက်ဆောင်၊ ဧည့်ရိပ်သာ၊ ယင်းမာဆောင်၊ သရဖီဆောင်၊ ရွှေရောင်ခြည်ခန်းမနှင့် စာသင်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးခဲ့သည့် စာသင်ဆောင်များ

စာမျက်နှာ ၄ သို့ ★





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၃ မှ**

ပြန်လည်ပြုပြင် တည်ဆောက်နေရာတွင် မူလအဆောက်အအုံ ပုံစံအတိုင်း ဆောက်လုပ်ရေး၊ မဆောက်လုပ်မီ မြေအနေအထား စမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့် စာသင်ဆောင်အဆောက်အအုံများ ကြံ့ခိုင်ရေးစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းအား ဇွန်လ ကျောင်းဖွင့်ချိန်အမီ ပြုပြင်သွားရန်၊ အရေးကြီး စာရွက်စာတမ်းများနှင့် သင်ထောက်ကူ ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုများက နေထိုင်စားသောက်မှု အခြေအနေနှင့် အခြားလိုအပ်သည်များ တင်ပြရာ ဒုတိယဝန်ကြီးချုပ်က အခြေခံစားသောက်ကုန် တစ်လစာ ထောက်ပံ့ပေးမည့် အခြေအနေနှင့် ယာယီကျောင်းရုံးခန်း အဆင်ပြေစေရေး Modular House များဖြင့် စီမံဆောင်ရွက်ပေးမည့် အခြေအနေများကို ပြောကြားကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တွင် အဆောက်အအုံ ၆၂ လုံးရှိသည့်အနက် ရှေးဟောင်းအဆောက်အအုံ ငါးလုံးအပါအဝင် အခြားအဆောက်အအုံ သုံးလုံး စုစုပေါင်း ရှစ်လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့ပြီးနှစ် (၁၀၀) ပြည့် ရှေးဟောင်းအဆောက်အအုံတစ်လုံး အပါအဝင် အခြားအဆောက်အအုံ လေးလုံး စုစုပေါင်း ငါးလုံး အန္တရာယ်ရှိသည့်အဆင့် ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူ ၄၆၁ ဦးရှိပြီး စာသင်ဆောင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါကျောင်းရှိ လယ်ယာစက်မှုဌာန အဆောက်အအုံ (ရာပြည့်အဆောက်အအုံ) သည် အေဒီ ၁၉၂၃ ခုနှစ်တွင် ကျောင်းသစ်အဖြစ် ဆောက်လုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများကို စက်ပြင်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သံဂဟေဆက်ခြင်း၊ မော်တာ သစ်သားလုပ်ငန်းများကို ပစ္စည်းအပြည့်အစုံဖြင့် သင်ကြားပေးခဲ့သည့် နေရာဖြစ်ကြောင်း၊ ကရမက်ဆောင်သည် အေဒီ ၁၉၂၆ ခုနှစ်တွင် ဆရာများ နေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးခန်း စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်ကြောင်း၊ ယင်းမာဆောင်သည် အေဒီ ၁၉၂၈ ခုနှစ်တွင် ကျောင်းသားများနေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံး စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ သရဖီဆောင်သည် အေဒီ ၁၉၃၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံး စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-တောင်ငူရထားလမ်းပိုင်းအတွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့်ဘူတာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




နေပြည်တော် ဧပြီ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက RBE အထူးရထားဖြင့် နေပြည်တော်ဘူတာမှ တောင်ငူဘူတာလမ်းပိုင်းတစ်လျှောက်ရှိ ရထားများ အမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသည့် ဘူတာများ ပြန်လည်မွမ်းမံတည်ဆောက်ရန် လိုအပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ဘူတာမှ တစ်ဆင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာ၊ ပြည်ဝင်ဘူတာ၊ လောဘူတာ၊ သာဝတ္ထိဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ သာဂရဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ရေတာရှည်ဘူတာ၊ ကျွန်းကုန်းဘူတာ၊ ကျေးတောဘူတာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးသွားသော ဘူတာများ ဖြိုချရှင်းလင်းရေး၊ အကြီးစားပြင်ဆင်ရန်၊ အလတ်စားနှင့် အငယ်စားပြင်ဆင်ရန် လိုအပ်သည့် ဘူတာများကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး၊ ဖျက်သိမ်းသင့်သော ဘူတာများဖြစ်နေပါက စနစ်တကျစိစစ်ပြီး တင်ပြဖျက်သိမ်းနိုင်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ အသစ်တည်ဆောက်ရမည့် ဘူတာများကို ဘူတာအငယ်၊ ဘူတာအလတ်၊ ဘူတာအကြီး သတ်မှတ်ချက်အတိုင်း ဘူတာအဆောက်အအုံပုံစံဒီဇိုင်းများနှင့် Estimation များ တွက်ချက်၍ အမြန်ပြန်လည်တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန်တို့ကို အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာတွင် ဘူတာနှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်ရှိ ငလျင်ဒဏ်ထိခိုက်ခံရသည့် ရထားထိန်းချုပ်ရေးရုံးနှင့် မြန်မာနိုင်ငံရထားရဲတပ်ဖွဲ့ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် မလိုအပ်သည့် အဆောက်အအုံအစိတ်အပိုင်းအချို့အား ရှင်းလင်းထားရန်နှင့် လိုအပ်သည့် အတိုင်းအတာအလျောက် ပြင်ဆင်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်တင်ပြသွားရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပြည်ဝင်ဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့် တောင်ငူဘူတာတို့ရှိ ပို့ဆောင်ရေးဝန်ထမ်းမိသားစုများနှင့် လည်းကောင်း၊ ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် မြို့ပြအင်ဂျင်နီယာ ဝန်ထမ်းများနှင့် လည်းကောင်း တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငလျင်အပြီး ဆောင်ရွက်သင့်သည့် သုတေသနများ၊ ပြင်ဆင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ စီမံဆောင်ရွက်



နေပြည်တော် ဧပြီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန Farmer Channel Studio အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသီများနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ကြီးအပြီး တောင်သူများနှင့် တွဲဖက်ဆောင်ရွက်ရမည့် သုတေသနလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲတွင် ငလျင်ဒဏ်သင့်ဒေသများ၌ စိုက်ပျိုးသင့်သည့် သီးနှံအမျိုးအစားများနှင့် မျိုးနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ လက်ဝယ်အရောက်ပေးပို့နိုင်ရေး ပြင်ဆင်ထားရမည့် အခြေအနေများ၊ အထူးသဖြင့် ငလျင်ကြောင့် မြေဆီလွှာအက်ကွဲခြင်း၊ မြေဆီလွှာ ပုံပျက်ခြင်း၊ မြေဆီလွှာရွေ့လျားခြင်း၊ မြေအောက်ရေမြင့်တက်လာပြီး စိုက်ပျိုးမြေလွှာပေါ်သို့ သဲများ မှုတ်ထုတ်ခြင်း၊ ရေများပန်းထွက်လာခြင်းများကြောင့် မြေဆီလွှာ၏ ရူပဓာတု ဇီဝ ဂုဏ်သတ္တိများ ပြောင်းလဲသွားနိုင်ကြောင်း၊ အထူးသဖြင့် ငလျင်ကြီးပြီးနောက် ငလျင်ငယ်များဆက်တိုက်လှုပ်ခတ်ရာ မြေဆီလွှာကြမ်းပြင်မတည်ငြိမ်ဘဲ အပေါက်များ ဖြစ်ပေါ်နေနိုင်သည့် သာဓကများအပြင် မြေမျက်နှာပြင် အနိမ့်အမြင့်များလည်း ပြောင်းလဲနိုင်ကြောင်း၊

သို့ဖြစ်၍ မိုးစပါးရာသီ နီးကပ်လာပြီဖြစ်၍ ငလျင်ကြီးနှင့် ငလျင်ငယ်များ ဗဟိုပြုသည့် နေရာဒေသများတွင် ဆည်ရေသောက်နှင့် မိုးကောင်းသောက်စပါးများ စိုက်ပျိုးပါက မြေဆီလွှာ အရည်ပျော်ခြင်း(သို့မဟုတ်) နွံပေါက်ခြင်းကို အထောက်အကူဖြစ်ကာ ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ကျွံခြင်းအပြင် အခန့်မသင့်ပါက မြေပြို၍ လယ်ယာမြေများ ဆုံးရှုံးနိုင်သည့် အန္တရာယ်ရှိနိုင်ခြင်းများကြောင့် အခြားယာသီးနှံများ၊ ပဲစင်းငုံ၊ မိုးရေသောက်ဝါများကို ရေထုတ်ရလွယ်ကူစေရန် ပေါင်မြောင်းစနစ်ဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ လိုအပ်ချက်အရ စပါး စိုက်ပျိုးမည်ဆိုပါကလည်း မြေဆီလွှာကို ထိခိုက်ပျက်စီးမှုအနည်းဆုံးနှင့် စိုက်ပျိုးရန်အတွက် တိုက်ရိုက်အစေ့ချခြင်း၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ရေအနည်းလိုစပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေလွှမ်းရေသွင်းစနစ်ကို မသုံးခြင်း၊ စိုတစ်ခါခြောက်တစ်လှည့်စနစ် ကျင့်သုံးခြင်းတို့ကို လူထုအခြေပြုပုံစံဖြင့် ထုတ်လုပ်မှုနှင့် သုတေသနတစ်ပြိုင်နက်တည်း ကျယ်ပြန့်စွာဆောင်ရွက်ကြရန်နှင့် ငလျင်လွတ်ကင်းသည့်ဒေသများတွင် မိုးစပါးအထူးအထွက်တိုးလုပ်ငန်းများ၌ မျိုး၊မြေ၊ရေ၊နည်း အချိုးညီစွာ ကြိုးပမ်းသွားကြရန် လမ်းညွှန်ချက်နှင့်အညီ သုတေသီများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၄ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



မတ် ၃၀ မှ ဧပြီ ၂၃ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၃၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၂၈ အိတ်၊ ဆီပိသာ ၂၄၁၂၀၊ ဆား ၂၅ ကျပ်သားပါ အိတ် ၅၆၅၅ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၈၉၄ ထုပ်၊ ငါးပိ ၂၂၃ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၀၉ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့်၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ)အိတ် ၄၉၀၊ စားအုန်းဆီ ပိဿာ ၄၁၈၀၀၊ ဆား ၂၅ ကျပ်သားပါ ၈၃ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ အထုပ် ၇၀၊ ငါးပိ ၁၆ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၁၃ ထုပ်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၇၃ အိတ်၊ စားအုန်းဆီ ပိဿာ ၄၄၁၀၊ ဆား ၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၇၇ ဘူး၊ ငါးပိ ၁၃ ပိဿာ၊ ငါးခြောက် ၁၃ ပိဿာ၊ ကြက်သွန်နီ ၅၀၅ ပိဿာ၊ အသားတုပိဿာ ၂၀၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တန်ခူး = တာကူး

မောင်လူမွေး (မြန်မာမှု)

**တန်ခူး**ဝေါဟာရအရေးကို ပုဂံခေတ်က ဝိသဇ္ဇနီမပါဘဲ **"တန်ခူ"** ဟုရေးလေသည်။ အင်းဝခေတ်ရောက်သောအခါ **"တန်းခူး"**ဟု ဝိသဇ္ဇနီပါပြီး ရေးလာကြသည်ကို တွေ့ရပေသည်။ **"တန်" = "တန်း"** ပုဒ်သည် ထန်းပင်ဟောပုဒ်ဖြစ်ပါ၏။

တပို့တွဲလ၊ တပေါင်းလအဖွင့်တွင် **"တန်"**ပုဒ်ကို ကျောက်စာ၊ မင်စာ နိုင်ငံလူမျိုးများနှင့် တိုင်းရင်းသား ဘာသာစကား ဘာသာဗေဒများဖြင့် ဖွင့်ပြခဲ့ပေပြီ။ **"ခူး"** မှာ ဆွတ်ခြွေခြင်းအနက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် **ထန်းခူး = တန်ခူ** ထန်းဆွတ်သည်၊ ထန်းသီးဆွတ်သည့်လဟု အဓိပ္ပာယ်ရလေသည်။

ရှေးမြန်မာတို့သည် ထန်းပင်နှင့်ပတ်သက်၍ အလွန်တန်ဖိုးထားခဲ့ကြကြောင်းကို ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာ၊ မင်စာတို့တွင် ထန်းစိုက်ခြင်း၊ ထန်းလှူခြင်း၊ ထန်းပင်တို့ကို ဝေခွဲချထားခြင်း စသော အကြောင်းအရာများက သက်သေခံနေပေသည်။

ထို့ကြောင့် ဆယ့်နှစ်လရာသီများအနက် **တန်ပို့တွဲ၊ တပေါင်း၊ တန်ခူး** သုံးလတို့၏အမည်များကို ထန်းလုပ်ငန်းနှင့်ပတ်သက်၍ စွဲမှတ်ခေါ်ဆိုခြင်း ပြုခဲ့ကြပေသည်။ သို့သော် နောက်ပိုင်းတွင် တန်ခူးဝေါဟာရတွင် တန်ခူးလနေရာ၌ **တာကူး**ဟုလည်း ရေးလာကြပေသည်။ မည်သို့ခေါ်စေ ရေးစေ ထိုသုံးလသည် ရှေးမြန်မာတို့ တန်ဖိုးထားခဲ့သည့် ထန်းပင်ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသောလများသာဖြစ်ပေသည်။

**ဗေဒင်ပညာရပ်ဆိုင်ရာမှဆင်းသက်လာ**

**တာကူး** ဟူသော အရေးကမူ ဗေဒင်ပညာရပ်ဆိုင်ရာမှ ဆင်းသက်လာသည်ဟု ဆိုရပေမည်။ **အတာကူး၊ တာကူး၊ အတာစား၊ အတာသင့်၊ အတာပြောင်း၊ အတာရာသီ** စသည်ဖြင့် **အတာ**နှင့်ဆက်စပ်ဝေါဟာရအများစုရှိပေသည်။

**"တာ"** ဝေါဟာရမှာ အချိန်အခါဟောနှင့် နယ်ပယ်ဒေသ အဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်စာတွင် ရေးသော ဘာဏုရာဇာနေမင်းကြီးသည် မိန်ရာသီ ရေဝတီနက္ခတ်မှ မိဿရာသီ အာသာဝဏီနက္ခတ်သို့ စတင်ဝင်ရောက်သည် စသည်ဖြင့်ရေးသားရာ မိန်ရာသီမှ မိဿရာသီသို့ဝင်ရောက်သည့် ကာလခြားရာ အချိန်အတိုင်းအတာကို ဖော်ညွှန်းသလို နယ်ပယ်ခြားရာ ဒေသခြားရာကိုလည်း အဓိပ္ပာယ်ဆောင်ပေသည်။ ဤသဘောကို ဒုတိယ ကျော်အောင်စံထား ဆရာတော်က သူ၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် -

"သင်္ကြန်အတာဟူသည်ကား ရောက်သောအဖို့ တာဝန်ဟူသောအနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ် နှစ်ဦး ဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာစသည်ဖြင့် အလှည့်အလှယ်ရောက်သောအဖို့ တာဝန်ဖြစ်၍ တနင်္ဂနွေ အတာ၊ တနင်္လာ အတာ စသော ဆိုမိန့်ခြင်းဖြစ်၏"ဟု ဖွင့်ဆိုဖော်ပြထားလေသည်။ ထို့အတူပင် လေ့သင်းအတွင်းဝန်မင်းကလည်း ဝေါဟာရလီနတ္ထ ဒီပနီကျမ်းတွင်-

"အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာ ကူးပြောင်းသောကြောင့် **တာကူးလ**ဆိုသည်ယူကြ၏" ဟု ဖွင့်ဆိုလေသည်။

ဤ၌ **"တန်ခူး"** နှင့် **"တာကူး"** အရေးအခေါ်နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကို အကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများကို တွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတ စာပေယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ **"တန်ခူး"** နေရာတွင် **"တာကူး"** ဟု ထပ်ဆင့်၍ ဖြစ်ပေါ်ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏။

တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန်ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်၊ နှစ်ကူးသည်၊ အချိန်ကာလပြောင်းသည်။ မိန်ရာသီဒေသမှ မိဿရာသီဒေသသို့ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၏။

ထိုသို့ ကူးပြောင်းခြင်းများကို အကြောင်းပြု၍ သင်္ကန္တဟူသော သက္ကတ-ပါဠိစာပေမှ ပါဠိပျက်အနေဖြင့် "သင်္ကြန်" ဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်။ မြန်မာလိုဆိုပါက ကူးပြောင်းခြင်းဖြစ်သည်။ ထို့ကြောင့် ကျော်အောင်စံထားဆရာတော်နှင့် လေ့သင်းအတွင်းဝန်မင်းတို့၏ ဝေါဟာရအဖွင့်ကျမ်းတို့တွင် ကာလ (အချိန်တာ) နယ်ပယ်ဒေသ (ရာသီတစ်ခုမှ ရာသီတစ်ခုသို့ ကူးပြောင်းသော နယ်ပယ်တာ)ဟု ဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ဝေဒကျမ်းအရ ၁၂ ရာသီတွင် သင်္ကြန် ၁၂ ခါ ရှိပေသည်။ သို့သော် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသော နယ်ပယ်တာ ကာလတာ **တာကူးလ**ကိုသာ သင်္ကြန်ရေသဘင်ပွဲကြီး ဆင်နွှဲကြလေသည်။ တာကူးသင်္ကြန်နှင့် ရေသဘင်သည် ဒွန်တွဲနေပါ၏။

ဤသို့ ရေသဘင်သင်္ကြန်ကျင်းပကြသည့် သမိုင်းကို ပုဂံဒေသ စောလုဝန်းကျောက်စာတွင် အရိပ်အမြွက်တွေ့ရပေသည်။ ပုဂံသမိုင်းကို ယေဘုယျအားဖြင့် အေဒီ-၁၁ ရာစု (အနော်ရထာမင်းဆက်မှသည် အေဒီ-၁၃ ရာစု နရသီဟပတေ့မင်းလက်ထက်) အထိယူရာ ပုဂံခေတ်တွင် သင်္ကြန်ရေသဘင်ရှိနေကြောင်းကို နရသီဟပတေ့မင်းနှင့် မိဖုရားစောလုံ၏ ရာဇဝင်ဖြစ်စဉ်က သက်သေခံနေပေသည်။ **(ဦးကုလားမဟာရာဇဝင်ရှု)**

ဗုဒ္ဓဝင်လာ သကျသာကီဝင်မင်းမျိုးနွယ်တို့ နှစ်သစ်ကူးသမယတွင် ရေကစားကြသည်ကို တွေ့ရပေသည်။ ဗိုလ်မှူးဘရှင်၏ အနော်ရထာ အရင်က မြန်မာနိုင်ငံအပါအဝင် သမိုင်းစာအုပ်များအရ အေဒီ-၉ ရာစုကပင် သင်္ကြန်ရေကစားသဘင်ရှိခဲ့ကြကြောင်း သိရပေသည်။

**"တန်ခူး"** ဝေါဟာရသည် အဓိပ္ပာယ်ရှင်းသလောက် **"တာကူး"** ဝေါဟာရသည် အဓိပ္ပာယ်နက်နဲလှပေသည်။ စာပေ၊ သင်္ချာ၊ ဝေဒ၊ နက္ခတ်ဆိုင်ရာ ရာသီဥတုနည်းပညာများနှင့် ပြက္ခဒိန်ဆိုင်ရာ အကြောင်းအရာများ နက်နဲစွာ ပါဝင်နေပေသည်။

**အရုပ် ၁၂ မျိုးရှိ**

ကမ္ဘာသုံး ရာသီစက်ဝန်းများ(International Zodiac)တွင် Aries ဆိတ်ရုပ်၊ Taurus နွားရုပ်၊ Gemini လူစုံတွဲရုပ်၊ Cancer ကဏန်းရုပ်၊ Leo ခြင်္သေ့ရုပ် စသည်ဖြင့် အရုပ် ၁၂ မျိုးရှိ၏။ တရုတ်ရိုးရာ ရာသီခွင်တွင်လည်း ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး....စသည်ဖြင့် ၁၂ ကောင်ရှိပေသည်။

အနောက်တိုင်းက တနင်္ဂနွေဂြိုဟ်ကူးပြောင်းမှုကိုအခြေခံ၍လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ကမူ ကြာသပတေးဂြိုဟ်ကို အခြေခံ၍လည်းကောင်း တည်ဆောက်ထားပေသည်။

မြန်မာတို့ကမူ စန်းကိုပါထည့်သွင်း၍ ၁၂ လ ရာသီ နှစ်အမည်၊ လအမည်များကို ပေးလေသည်။

> **တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန်ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်၊ နှစ်ကူးသည်၊ အချိန်ကာလပြောင်းသည်။ မိန်ရာသီဒေသမှ မိဿရာသီဒေသသို့ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၏။**
>
> **ထိုသို့ ကူးပြောင်းခြင်းများကို အကြောင်းပြု၍ သင်္ကန္တဟူသော သက္ကတ-ပါဠိစာပေမှ ပါဠိပျက်အနေဖြင့် "သင်္ကြန်" ဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်။ မြန်မာလိုဆိုပါက ကူးပြောင်းခြင်းဖြစ်**

ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ကုန်းဘောင်ခေတ်တိုင် ကျောက်စာ၊ မင်စာ၊ ပေစာများတွင် နှစ်၊ လ အမည်များကို ရေးထိုးခဲ့ကြ၏။ သင်္ကြန်သင်္ချာတွက်ရိုး၊ ဝေဒတွက်ရိုးအရ နှစ်၊ လအမည်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| **နှစ်အမည်** | **လအမည်** |
|---|---|
| ဇယ၊ ဇယျ | စိတြ |
| ဝိသာခါ | ဝိသာခါ ။ |
| ဇေဋ္ဌ | ဇေဋ္ဌ |
| အာပဃ။ | အာသဠ္ဌ အာသဠ္ဌ။ |
| ကြဝဏ။ | သရဝဏ် |
| အဒြ၊ဘဒြ | ဘဒြ။ |
| အဿယုဇ္ဇ | အာသဝနီ။ |
| ကြတ္တိကာ | ကြတ္တိကာ။ |
| မိဂသီ | မိဂသီ |
| ဖုသျှ | ဖုသျှ |
| မာဃ | မာဃ |
| ဖဂ္ဂုဏ | ဘရဂုဏီ ဘရဂုဏီ |

အရှေ့တိုင်းဘာသာရပ်၊ မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနများအဖို့ မသိမဖြစ် အကြောင်းအရာဖြစ်ပေသည်။ သင်္ကြန်စာဖတ်သည်နှင့် နှစ်၊ လအကြောင်းတွင် မည်သည့်နှစ်ဖြစ်သည်။ လကို မည်သည့်အကောင် "စောင့်" သည် စသည်တို့မှာ ထိုသဘောများကို ရေးထားခြင်းဖြစ်သည်။

ထိုနှစ်၏ ရာသီဥတု လယ်ယာစိုက်ပျိုးရေးဆိုင်ရာများနှင့် တိုင်းနိုင်ငံဒေသအခြေအနေများကို ဂြိုဟ်ယှဉ် ဂြိုဟ်ပူး ဂြိုဟ်မြင် ကောဇာဂြိုဟ်သွားများနှင့် ရေးသားထားခြင်းဖြစ်ပေသည်။ ထိုအကြောင်းအရာကိုရေးရာ၌ အာသီမည်သော ဗြဟ္မာဦးခေါင်း၊ ဒေဝီနတ်သမီး ခုနစ်ဖော် အဝတ်တန်ဆာ အရောင်အဆင်း မျက်နှာမူသော အရပ်ဒေသ ဝင်ရာအရပ် စသည်တို့ကို ကဝိလမိုင်း ဇာတ်လမ်းခင်း၍ ရေးသားထားပေသည်။ ဇာတ်လမ်းပါ ဇာတ်ကောင်များသည် အမှန်တကယ်မဟုတ်ဘဲ ဂြိုဟ်ပရိယာယ် နှစ် လ နေ့တို့၏ "သင်္ကေတ" (Symbol) မျှသာဖြစ်သည်ကို သိရာ၏။

ထိုအကြောင်းအရာကို ဖော်ပြရန်အတွက် (သို့) ဟောချက်အတွက် မဟာသင်္ကြန်တွက်ရိုးကျမ်းများကို အဓိကထားရပေသည်။ အဋ္ဌသရဏီကျမ်း (တိုင်း ပြည်နယ် ဒေသ တိတ်စွဲဆိုင်ရာ)၊ ဗြို့ဟစ်သံဟိတကျမ်း၊ နာရဒသံဟိတာကျမ်း၊ ပါရာသျှတ္တရကျမ်း၊ ဘူမိစာလနိဒါန်းကျမ်း၊ (မြေလျှင်စသည့်အဟော၊ ကိတ်အဟော) သရကျမ်း၊ နေမိတ္တကဝိဇ္ဇာကျမ်း၊ ဇောတိတတ္တ ဗေဒင်ကျမ်း စသည်များမှာ ထင်ရှားလှပါ၏။

ထိုကျမ်းများပါ အကြောင်းအရာများကို တတ်သိနားလည်သော ပြက္ခဒိန်တော်ဆက် ဝေဒပညာရှင်များက လွှတ်တော်သို့ တင်ပြရသည်။ မင်းသို့ တင်ပြရသည်။ မင်းမိန့်ဖြင့် သင်္ကြန်စာကို ကြေညာသည်။ ရှေးမြန်မာမင်းလက်ထက်တော်မှ ယနေ့တိုင် ခေတ်အဆက်ဆက် ပြက္ခဒိန်တော် ဆက်အဖွဲ့ ရှိလေသည်။

သင်္ကြန်ကျ၊ အတာကျ၊ အတာတက်၊ အတာပြောင်း၊ အတာစား စသည့်များနှင့် ဝါဆို ဝါကပ်ဆိုင်ရာများ၊ ဝါထပ်ရက်ငင်၊ ဝါကြီးထပ်ဝါငယ်ထပ်၊ ပထမဝါ ဒုတိယဝါ စသည်တို့မှာ လွန်စွာမှသိမ်မွေ့လှပေ၏။ ပိဋကတ် ဝိနည်းတော်များနှင့် သင်္ကြန်တွက်ရိုးများကိုညှိ၍ လွှတ်တော်နှင့် မင်းက ဝါဆိုဝါကပ်ဆိုင်ရာကို ထုတ်ပြန်ရ၏။

**ယဉ်ကျေးမှုအမျိုးမျိုးရှိ**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာရှေးကျ၍ ကြီးမားခဲ့သော တိုင်းပြည်ကြီးနှစ်ခုကြားတွင် ရာစုနှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပါသည်။ ယဉ်ကျေးမှုအမျိုးမျိုးရှိသည့်အနက် မိမိတို့ မြန်မာနိုင်ငံနှင့် သင့်တင့်လျောက်ပတ်သော ယဉ်ကျေးမှုများကို နည်းယူ၍ တည်ဆောက်ခဲ့ကြလေသည်။

သင်္ကြန်ယဉ်ကျေးမှုနှင့် သင်္ကြန်တွက်ရိုးတို့သည်လည်း ဤသို့ပင် တည်ဆောက်လာခဲ့ပေသည်။ ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက် ဗြဟ္မာဦးခေါင်းကို နတ်သမီးတို့ ပိုက်ရခြင်း၊ သင်္ကြန်မင်းဆင်းခြင်း စသည်တို့သည် ယုတ္တိမရှိကြောင်းကိုသိ၍ ပိဋကတ်ကျမ်းဂန်လာ ဟုတ်၊ မဟုတ် သာသနာပိုင်ကို လျှောက်ထားခဲ့လေသည်။ သာသနာပိုင်ကလည်း ပိဋကတ်ကျမ်းဂန်လာမဟုတ်ကြောင်းကို ဖြေကြားခဲ့ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ယနေ့ခေတ်ကဲ့သို့ သတင်းမီဒီယာပြန်ကြားရေးမရှိရကား။ တိုင်းပြည်ရေးရာကိစ္စများ၊ တောင်သူလယ်သမား စိုက်ပျိုးရေးရာကိစ္စများ၊ မိုးလေဝသဆိုင်ရာကိစ္စများသည် ဤသင်္ကြန်စာကို အားကိုးယုံကြည်ကြပေသည်။

ထို့ကြောင့် ဘိုးတော်ဘုရားသည် မင်းမိန့်ဖြင့် မပယ်ဖျက်ဘဲ သိအောင်သာ လုပ်ခဲ့ခြင်းဖြစ်ရာ၏။

သင်္ကြန်စာပါအကြောင်းအရာများနှင့် သင်္ကြန်ပွဲကို ယနေ့ခေတ်တွင် အစစအရာရာ ရှုထောင့်ကွဲပြားစွာဖြင့် ဝေဖန်ရေးသားပြောကြားကြ၏။ ပုဏ္ဏားများက ဟိန္ဒူနည်းများဖြင့် ရှေးမြန်မာတို့ကို ဂျင်းထည့်ခဲ့သည်ဟုစွပ်စွဲ၍ သင်္ကြန်စာနှင့် အတာနှစ်သစ်ကူးပွဲသဘင်ကို ဝေဖန်တိုက်ခိုက်ခဲ့သည်ကို ဖေ့စ်ဘွတ်တွင် တွေ့ရသည်။ သင်္ကြန်ရေသဘင်ပွဲကို ဖျက်ပစ်မည်အထိ စီစဉ်ခဲ့ကြသည်ကိုပင် တစ်ဆင့်စကား ကြားသိခဲ့ရသည်။

**သုတပညာ၊ နည်းတုံ့ရာဝယ်၊**
**ဝါစာနှုတ်ကောင်း၊ တထောင်းထောင်းနှင့်၊**
**ဒေါင်းမယိုက၊ ကျီးနက်လှသို့၊**
**ဗာလဟူသော၊ လူ့ငှက်ပျောကား၊**
**နှုတ်ပြောမျှသာ၊ နှစ်မပါဘူး....** ဆိုသည့်အတိုင်း မိမိတို့ယဉ်ကျေးမှုကို မမြတ်နိုးနိုင်သော မသိကျိုးကျွန်ပြုသော အနှစ်မပါသော အလှမရှိသော ကျီးနက်များသဖွယ်ဖြစ်သူများ လှနေကြ၏။

အကြောင်းအရာတစ်ခုကို အကောင်းဘက်က မကြည့်နိုင်ကြ။ ပါရာဒိုင်း (Paradigm)အမြင်ဖြင့် မကြည့်တတ်သောအခါ တစ်မျိုးဖြစ်သွားနိုင်၏။ တချို့ယဉ်ကျေးမှုများ ပျောက်သွားနိုင်သည်။ ကမ္ဘာကျော် ဟိတောပဒေသစာပေကို ပုံဝတ္ထုအနေဖြင့် မြင်နေသမျှကာလပတ်လုံး ပုံပြင်ဖတ်သောအဆင့်အနေသာရှိနေပေမည်။

ဟိတောပဒေသကိုအကြောင်းပြု၍ အာသောကမင်းဆက်ကို တည်ဆောက်ခဲ့သည့် သမိုင်းကြောင်းကို သိရာ၏။

သင်္ကြန်တာကူး နှစ်ကူးရေသဘင်ကို ပျော်ပွဲရွှင်ပွဲမျှသာမကဘဲ ထိုနောက်ကွယ်တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာ စာပေ နက္ခတ်ပညာ သင်္ချာတွက်ရိုး ရှုထောင့်အမျိုးမျိုးဘက်ကလည်း လေ့လာသုံးသပ်ကြည့်ရှုနိုင်ကြပါစေဟု ဆန္ဒပြုရိုက်ချပ်အပ်ပါသည်။ ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ ပင်စင်ထုတ်ပေးနေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပင်စင်လစာထုတ်ပေး**

မြန်မာ့သင်္ကြန်နှင့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ကာလ ပြီးဆုံးပြီးနောက် မေ ၂၂ ရက်တွင် မြန်မာ့ စီးပွားရေးဘဏ်များ အနေဖြင့် ပင်စင်လစာထုတ်ပေးခြင်းအပါအဝင် ဘဏ်လုပ်ငန်းဆောင်တာများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ စီးပွားရေးဘဏ် ပျဉ်းမနားမြို့နယ် ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၁၇၄၆၇ ဦးနှင့် ပုဗ္ဗသီရိမြို့နယ် ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၆၀၀၈ ဦးရှိပြီး ၎င်းတို့၏ ပင်စင်လစာထုတ်ပေးမှုများကို မြန်မာ့စီးပွားရေးဘဏ်များက စနစ်တကျ ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် ပျဉ်းမနားနှင့် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများသို့ ပင်စင်လစာငွေများ ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ပင်စင်လစာများ လာရောက်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား အလှူရှင်များက လှူဒါန်းသည့်ခံကျွေးမွေးမှုကို အားပေးကြည့်ရှုခြင်း၊ အငြိမ်းစားဝန်ထမ်းများနှင့် ဘဏ်ဝန်ထမ်းများအား စားသောက်ကုန်များ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲ၏ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွမ်းမံပြင်ဆင်နေမှု အခြေအနေများ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ အနေဖြင့် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို အချိန်တိုအတွင်း ပြန်လည် ကောင်းမွန်အောင် ပြင်ဆင် ဆောင်ရွက်ခဲ့ကြပြီး ဘဏ်လုပ်ငန်းများ၊ အငြိမ်းစားဝန်ထမ်းများအတွက် အငြိမ်းစားလစာများကို e-Pension ကတ်ဖြင့် ထုတ်ပေးခြင်းနှင့် အခြားဘဏ်ခွဲများတွင် ထုတ်ယူရရှိနိုင်ရေးကိစ္စများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၃**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၄၆(စီ) အောင်တော်မူလမ်းသွယ် သံလွင်လမ်း ရွှေတောင်ကြား ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုလီဆီး (ဗာတီကန်မြို့ပြနိုင်ငံ)သံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဟိုလီဆီး (ဗာတီကန်မြို့ပြနိုင်ငံ)သံရုံးမှ သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ပုပ်ရဟန်းမင်းကြီး ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၃**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi သည် ဧပြီ ၁၄ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၈၂ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Tun Abdullah Bin Haji Ahmad Badawi သည် မလေးရှားနိုင်ငံ၏ ငါးဦးမြောက် ဝန်ကြီးချုပ်အဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပစ္စည်းများပေးဝေနေမှုအားလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ဇနကရာမကိုးကန့်ကျောက်တိုက်၊ ပန်းဘဲတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများအား လည်းကောင်း၊ ပါရမီရပ်ကွက်နှင့် ရန်နိုင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေး စခန်းများ၌ ကျန်းမာရေး ဆိုင်ရာများအားလည်းကောင်း၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဋာ ကောင်းမှုတော်စေတီနှင့် ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) တို့၌ ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများနှင့် လူနေအဆောက်အအုံများအား လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်နှင့် ရှင်ဖြူရှင်လှစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများ၊ အရံစေတီများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့အတွင်းရှိ သာသနိက အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရန် အတွက် တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေအိတ်တန် ၁၈၀ ရောက်ရှိနေမှုကို လည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၌ ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ ပိုးတန်ရပ်ကွက်ရှိလူနေအဆောက်အအုံနှင့် မြို့မရဲစခန်းတို့တွင်ပြိုကျပျက်စီးနေသော အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုတို့ကို လည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ပြိုကျပျက်စီးနေသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန စစ်ကိုင်းခရိုင် စီမံကိန်းဦးစီးရုံး၏ ဝန်ထမ်းအိမ်ရာကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်၊ စန္ဒာမုနိဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မဟာမုနိ ဘုရားကြီးကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှု အခြေအနေများအား ထီးတော် အနီးထိ ကရိန်း၊ ဒရုန်းတို့ဖြင့်လည်းကောင်း အနီးကပ်ပတ်လည်ကြည့်ရှုစစ်ဆေး၍ ရှေးမူမပျက် မူလအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာသကျသီဟဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ သာသနာပိုင်ကျောင်းတိုက် ရတနာစံကျောင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းအတွင်း/ အပြင် သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်နေမှုများကိုကြည့်ရှုပြီး အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(၈) အတွင်းရှိ ငလျင်ဒဏ်ကြောင့် ကွဲအက် ပျက်စီးသွားသော ရှေးဟောင်းသမိုင်းဝင် နန်းဦးဘုရားအား သွားရောက်ကြည့်ရှု၍ နန်းဦးဘုရားအား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ သောကြာကြယ် ပရဟိတပညာရေးအကူအညီ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ ဆန်နှင့်ဝတ္ထုငွေများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူ ၈၀၀ ခန့် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေအားလက်ခံပြီး လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် (၁၅)လမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းနေမှုနှင့် စဉ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက်၊ ဗိုလ်တေဇလမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံများ ရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။






# Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေဈေးနှုန်းများ ငွေကျပ် ၂၃၀၀၀ မှ ၂၀၀၀၀ အထိ လျှော့ချရောင်းချပေး

**နေပြည်တော် ဧပြီ ၂၃**

လျှော်ဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံက နေ့စဉ်တန်ချိန် ၁၅၀၀ မှ ၁၈၀၀ အထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့မှစ၍ အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခင်ဈေးနှုန်းထက် လျှော့ချကာ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ရောင်းချပေးလျက်ရှိ**

အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ ဝန်ကြီးဌာနများ ပြန်လည်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါ ယခင်က ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ နှုန်းသို့ လျှော့ချ၍လည်းကောင်း၊ လျှော်ဘေးသင့်ပြည်သူများ၏ အိုးအိမ်၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါက ယခင်က ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းသို့ လျှော့ချ၍လည်းကောင်း ယနေ့မှစ၍ ရောင်းချပေးလျက်ရှိသည်။




ယခုကဲ့သို့ ပြန်လည်တည်ဆောက်ရေးကာလတွင် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရဌာန အဆောက်အအုံများအပါအဝင် အများနှင့်သက်ဆိုင်သောနေရာများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် လျှော်ဘေးဒဏ်သင့် ပြည်သူများ၏ နေအိမ်အဆောက်အအုံများ မိုးမကျမီ အမြန်ဆုံးပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သင့်တင့်သက်သာသည့် နှုန်းထားတစ်ခုသို့ လျှော့ချကာ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထိုသို့ ဈေးနှုန်းများအား လျှော့ချပေးသည့်အတွက် တစ်ဖက်တွင်လည်း ထုတ်လုပ်မှုအပိုင်း၊ ဖြန့်ချိမှုအပိုင်းနှင့် အရည်အသွေးအပိုင်း ထိခိုက်မှုမရှိရေး၊ လျှော့ကျမှုမရှိစေရေးနှင့် သုံးစွဲသူများလက်ဝယ် အမှန်တကယ်ရောက်ရှိစေရေး နေ့စဉ်စနစ်တကျကြပ်မတ်စစ်ဆေး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မြနန္ဒာ**





# ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း ပထမပိုင်းနှင့် ဒုတိယပိုင်း

**ကမ္ဘာ့နိုင်ငံရေးဆိုတာနဲ့ လူအများစုက ငါတို့နဲ့မဆိုင်ဘူးလို့ တွေးတတ်ကြပါတယ်။ ကိုယ့်နိုင်ငံက နိုင်ငံရေးတောင် ဒီလောက်ရှုပ်ထွေးနေတာ၊ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးဆိုရင် ဘယ်လိုမှနားလည်နိုင်မှာမဟုတ်ဘူးလို့ ထင်ကြပါတယ်။ နိုင်ငံရေးဆိုတာ ပြည်တွင်းပဲဖြစ်ဖြစ်၊ ပြည်ပပဲဖြစ်ဖြစ် နားလည်ဖို့ဆိုတာထက် သိထားဖို့ပါ။ လုံးလုံးမျက်ခြည်မပြတ်ဖို့ပါ။**

**နိုင်ငံတကာရေးရာသုတေသီတစ်ဦး**

ဒီနေ့ကာလမှာ အားလုံးက ချိတ်ဆက်သက်ရောက်နေပါတယ်။ ကိုယ့်ကလေး နိုင်ငံခြားလွှတ် ကျောင်းတက်ခိုင်းမယ်ဆိုရင်တောင် သွားမယ့်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေ သိထားဖို့လိုပါတယ်။ နိုင်ငံရေးမှာ အလုံးစုံနားလည်တယ်ဆိုတဲ့သူ ဘယ်သူမှမရှိပါဘူး။ နားလည်တိုင်းလည်း အောင်မြင်တာမဟုတ်ပါဘူး။ အခုခေတ်က ကိုယ့်နိုင်ငံ၊ ပြည်တွင်းနိုင်ငံရေးလောက် အာရုံစိုက်နေလို့ မရပါဘူး။ အားလုံးကို ခြုံငုံရှုမြင်တတ်ဖို့လိုပါတယ်။

တစ်နည်း ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲတွေနဲ့ မလှမ်းမကမ်းမှာ နေဖို့လိုပါတယ်။ ခေတ်သစ်ကမ္ဘာ့နိုင်ငံရေး တစ်နည်းခေတ်သစ် နိုင်ငံတကာဆက်ဆံရေးဟာ ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉–၁၉၄၅) ပြီးဆုံးတဲ့ ၁၉၄၅ ခုနှစ်က အစပြုပါတယ်။ အခု ၂၀၂၅ ခုနှစ်မှာ နှစ်ပေါင်း ၈၀ ပြည့်ပြီဖြစ်ပါတယ်။ ဒီဆောင်းပါးမှာ ဒုတိယကမ္ဘာစစ်အလွန် အသက် ၈၀ ပြည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို အပိုင်းနှစ်ပိုင်းခွဲပြီး ခြုံငုံသုံးသပ်တင်ပြသွားပါမယ်။

## ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လက်နက်တစ်ခုအနေနဲ့ အသုံးချ

ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း ပထမအပိုင်းက ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့ ၁၉၄၅ ခုနှစ်ကနေ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားတဲ့ ၁၉၉၁ ခုနှစ်အထိဖြစ်ပါတယ်။ အဲဒီကာလ (၁၉၄၅–၁၉၉၁) ဟာ စစ်အေးတိုက်ပွဲကာလ တစ်နည်း အရင်းရှင် အမေရိကန်နိုင်ငံနဲ့ ကွန်မြူနစ်ဆိုဗီယက်ပြည်ထောင်စုတို့ အားပြိုင်တဲ့ကာလဖြစ်တယ်။ ကမ္ဘာ့နိုင်ငံရေးပထမပိုင်းကော ကမ္ဘာ့နိုင်ငံရေး ဒုတိယပိုင်းမှာပါ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုဟာ ကမ္ဘာတစ်လွှား ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လက်နက်တစ်ခုအနေနဲ့ အသုံးချခဲ့ပါတယ်။

နိုင်ငံတကာ အကူအညီတွေကိုလည်း ဆုပေး၊ ဒဏ်ပေးစနစ်နဲ့ အသုံးချခဲ့တယ်။ ကမ္ဘာကြီးမှာ ဒီမိုကရေစီထွန်းကားလေ အာဏာရှင်နိုင်ငံတွေ ကျဆုံးလေဆိုတဲ့ အထိုင်ကဖြစ်တယ်။ ၁၉၈၅ ခုနှစ်များကစပြီး ဆိုဗီယက်နဲ့ အရှေ့ဥရောပမှာ ဒီမိုကရေစီဆန္ဒပြပွဲတွေ တစ်စတစ်စ အားကောင်းလာခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ ဆန္ဒပြပွဲတွေ အထွတ်အထိတ်ရောက်၊ ကမ္ဘာကျော်ဘာလင်တံတိုင်းကြီးပြိုကျ၊ နောက်ဆုံး ၁၉၉၁ ခုနှစ် ဒီဇင်ဘာလမှာ ဆိုဗီယက်ပြည်ထောင်စုကြီး တရားဝင်ပြိုကွဲသွားခဲ့တယ်။ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အောင်ပွဲခံခဲ့တယ်။ တစ်နည်း ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း ပထမအပိုင်း ပြီးဆုံးသွားတယ်။

ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း ဒုတိယအပိုင်းက စစ်အေးတိုက်ပွဲပြီးဆုံးတဲ့ ၁၉၉၁ ခုနှစ်ကနေ ဒီကနေ့ ဒေါ်နယ်ထရမ့် အမေရိကန်သမ္မတဖြစ်လာတဲ့ ၂၀၂၅ ခုနှစ်အထိဖြစ်တယ်။ အမှန်က ဒုတိယပိုင်းက မပြီးသေးပါဘူး။ ဆက်သွားနေတုန်း ရှိပါသေးတယ်။

## ဒုတိယအပိုင်းဟာ သိပ်မရိုးရှင်းလှ

ဒီဒုတိယပိုင်းအခင်းအကျင်းမှာကျတော့ အရင်ပထမပိုင်းလို အမေရိကန်နဲ့ ဆိုဗီယက်ဆိုတာမျိုး မဟာအင်အားကြီး နှစ်နိုင်ငံတည်းမဟုတ်တော့ဘူး။ အာရှက တရုတ်နိုင်ငံပါလာတယ်။ အထူးသဖြင့် အမေရိကန်ဟာ တရုတ်ကို ရုရှားထက်ပိုသတိထားပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံရေး ဒုတိယအပိုင်းဟာ ကမ္ဘာ့နိုင်ငံရေး ပထမပိုင်းလို သိပ်မရိုးရှင်းလှပါဘူး။ ပထမအပိုင်းတုန်းက အမေရိကန်နိုင်ငံမှာ ကွန်မြူနစ်ဆိုဗီယက်ပြည်ထောင်စုဆိုတဲ့ ထင်ရှားသိသာတဲ့ မဟာရန်သူတော် ရှိပါတယ်။ ဆိုဗီယက်ပြည်ထောင်စုအန္တရာယ်ကြောင့် အနောက်နိုင်ငံတွေအားလုံး ကျောကပ်ထားကြပါတယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်မှာလည်း အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ ဆက်ပြီး အတူတကွအလုပ်လုပ်ကြပါတယ်။

ဥရောပနိုင်ငံ အများအပြားဟာလည်း နေတိုးစစ်စာချုပ်နဲ့ ဥရောပသမဂ္ဂ (အီးယူ) ဆိုတဲ့ အဖွဲ့အစည်းတွေရဲ့ထီးရိပ်အောက်ကို ပိုမိုခိုဝင်လာကြပါတယ်။ သို့သော် ၂၀၀၀ ပြည့်နှစ်များနောက်ပိုင်းမှာ ရုရှားနိုင်ငံ (ယခင်ဆိုဗီယက်ပြည်ထောင်စု) နဲ့ တရုတ်နိုင်ငံတို့ဟာ တဖြည်းဖြည်းအင်အားကောင်းလာပြီး တစ်ဖက်မှာ အမေရိကန်နဲ့ ဥရောပဟာ အကျဘက်ကို ရောက်လာခဲ့ပါတယ်။ နောက်ဆုံး အမေရိကန်နဲ့ ဥရောပနိုင်ငံရေးမှာ အမျိုးသားရေးလှိုင်းတွေ ရိုက်ခတ်လာပြီး အမေရိကန်မှာ ဒေါ်နယ်ထရမ့်ဆိုတဲ့ အမျိုးသားရေးနိုင်ငံရေးသမားကြီးက ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာပါတယ်။

ဥရောပမှာလည်း အမျိုးသားရေးလက်ယာစွန်းရောက်တွေက သက်ဆိုင်ရာ ရွေးကောက်ပွဲတွေမှာ နေရာပိုရလာကြပါတယ်။ အမေရိကန်နဲ့ ဥရောပမှာ သူတို့အချင်းချင်း နိုင်ငံရေးအားပြိုင်မှုတွေက သူတို့ လူ့အဖွဲ့အစည်းကို နှစ်ခြမ်းကွဲလာစေပါတယ်။ ပြင်သစ်သမ္မတကဆို ဥရောပက လက်ဝဲစွန်းနဲ့ လက်ယာစွန်း သဘောထားကွဲပြားမှုတွေကို ပြည်တွင်းစစ်သဘောတောင် တင်စားပြောဆိုပါတယ်။ လေ့လာသူအချို့က အမေရိကန်မှာ သမ္မတထရမ့် လုပ်ကိုင်နေတာတွေကို အာဏာသိမ်းမှုသဘော ရည်ညွှန်းပြောဆိုနေကြပါတယ်။

ပြောချင်တာက ကမ္ဘာ့နိုင်ငံရေးပထမအပိုင်းက အမေရိကန်နဲ့ (အနောက်) ဥရောပက တစ်ဖက်၊ ဆိုဗီယက်နဲ့ (အရှေ့) ဥရောပက တစ်ဖက် အားပြိုင်ကြတာ ဖြစ်ပါတယ်။ အခု ကမ္ဘာ့နိုင်ငံရေး ဒုတိယအပိုင်းမှာက အမေရိကန်နဲ့ သူ့မဟာမိတ် ဥရောပနိုင်ငံတွေဟာ သူတို့အချင်းချင်းထဲမှာတင် အားပြိုင်နေကြတာ ဖြစ်ပါတယ်။ သူတို့ မဟာရန်သူတော် ရုရှားနဲ့ တရုတ်ဘက် မလှည့်နိုင်ကြပါဘူး။ သူတို့အချင်းချင်း သဲသဲမဲမဲဖြစ်နေတာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း ဒုတိယပိုင်းစတင်တဲ့ ၁၉၉၁ ခုနှစ်ကနေ ဒီကနေ့ ၂၀၂၅ ခုနှစ် နှစ်ပေါင်း ၃၅ နှစ်အကြာ မဝေးတော့တဲ့ကာလတစ်ခုမှာ အမေရိကန်နဲ့ ဥရောပ ပြိုကွဲမလားဆိုတဲ့ အမေးတစ်ခုထွက်ပေါ်လာပါတယ်။

နိုင်ငံကြီးတွေပြိုကွဲတဲ့ အကောက်အယူသမိုင်းကြောင်းကို လေ့လာမယ်ဆိုရင် အချို့တူညီတိုက်ဆိုင်မှုတွေ ရှိပါတယ်။ ကမ္ဘာ့နိုင်ငံရေး ပထမပိုင်း (၁၉၄၅–၁၉၉၁) ဟာ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ မဟာပြိုင်ဘက် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပျက်စီးသွားခြင်းနဲ့အတူ ၁၉၉၁ ခုနှစ်မှာ ပြီးဆုံးသွားခဲ့တယ်။ အကြမ်းဖျင်း ၄၅ နှစ်ကြာခဲ့တယ်။ သေချာလေ့လာမယ်ဆိုရင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့တဲ့ ၁၉၉၁ ခုနှစ်မတိုင်မီ ၁၉၈၀ ပြည့်နှစ်များကစပြီး ပြိုင်ဘက်ဆိုဗီယက်နဲ့ အရှေ့ဥရောပ ကွန်မြူနစ်အုပ်စုထဲမှာ အက်ကြောင်းတွေ ပေါ်လာနေခဲ့တာ ဖြစ်ပါတယ်။

အတွင်းထဲမှာတင် အက်ကြောင်းတွေ ဖြစ်တည်လာခဲ့တာဖြစ်ပါတယ်။ တစ်နည်း ကမ္ဘာ့နိုင်ငံရေးပထမပိုင်း အစ ၁၉၄၅ ခုနှစ်ကနေ တွက်ရင် ၃၅ နှစ်အကြာမှာ တစ်ဖက်ပြိုင်ဘက် ဆိုဗီယက်အုပ်စုမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေ ဖြစ်လာနေခဲ့တယ်ပေါ့။ နောက် ၁၀ နှစ်အကြာ ၁၉၉၁ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး လုံးလုံးပြိုလဲသွားတယ်။ အခုလည်း နိုင်ငံတကာဆက်ဆံရေး ဒုတိယပိုင်းအစ ၁၉၉၁ ခုနှစ်ကနေတွက်ရင် ၃၅ နှစ်အကြာမှာ အမေရိကန်နဲ့ သူ့မဟာမိတ် ဥရောပနိုင်ငံတွေဟာ သူတို့အတွင်းထဲမှာတင် အက်ကြောင်းတွေ ပေါ်ပေါက်နေပါပြီ။ ဥရောပဘက်က အမေရိကန်ကို ထရမ့်ကြောင့် အမရိကန်နိုင်ငံကြီး ချည့်နဲ့ပြိုကွဲသွားနိုင်တယ်လို့ သုံးသပ်မှုတွေရှိသလို အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗန့် ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလမှာ ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာပြုလုပ်တဲ့ မြူးနစ်လုံခြုံရေးကွန်ဖရင့် တက်ရောက်ချိန်မှာ ဥရောပနဲ့ ကမ္ဘာတစ်လွှားခေါင်းဆောင်များရှေ့မှာ ဥရောပရဲ့ ပျက်သုဉ်းခြင်းဟာ ရုရှားကြောင့်ဖြစ်မှာမဟုတ်ဘူး၊ တရုတ်ကြောင့်ဖြစ်မှာ မဟုတ်ဘူး၊ ဥရောပပျက်စီးခြင်းဟာ အတွင်းကပဲလာမယ်ဆိုပြီး ပွင့်ပွင့်လင်းလင်းပြောခဲ့တာကိုထောက်ချင့်ရင် အနောက်နိုင်ငံ မဟာမိတ်တွေအကြား သဘောထားကွဲလွဲမှုတွေဟာ အန္တရာယ်မှတ်ကို ရောက်နေပြီလားဆိုတဲ့မေးခွန်းအချို့ ထွက်ပေါ်လာစေပါတယ်။ ပိုပြီးတိကျတဲ့မေးခွန်းက နောက် ၁၀ နှစ်အကြာ ၂၀၃၅ ခုနှစ်လောက်မှာ အနောက်အုပ်စုကြီး ချည့်နဲ့ ပြိုကွဲသွားမလား၊ ဒါမှမဟုတ် ဒီထက်စောမလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

## အမျိုးသားလုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားဆိုတာတွေက နေရာယူလာ

အခုကတည်းက နိုင်ငံတကာ ဆက်ဆံရေး သဘောတရားအချို့က အပြောင်းအလဲဖြစ်နေပါပြီ။ အရင်က အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ နိုင်ငံတကာဆက်ဆံရေး လက်နက်တစ်ခုက နိုင်ငံတကာအကူအညီဖြစ်ပါတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဖြစ်ပါတယ်။ အခုကတော့ အမေရိကန်က နိုင်ငံတကာအကူအညီတွေ သိသိသာသာ လျှော့ချပြီး ယာယီရပ်ဆိုင်းလိုက်သလို ဥရောပမှာလည်း ကာကွယ်ရေးအသုံးစရိတ် တိုးသုံးဖို့ ဖိအားပေးခံနေရတာကြောင့် သူတို့ပေးနေတဲ့ နိုင်ငံတကာ အကူအညီတွေကိုလျှော့ချရဖို့ ဖြစ်လာနေပါတယ်။ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်နိုင်ငံ) မှာ ဝန်ကြီးချုပ်က ကာကွယ်ရေးအသုံးစရိတ်တိုးရမှာဖြစ်လို့ ပြည်ပအထောက်အပံ့တွေ လျှော့ချမယ်စီစဉ်လို့ အစိုးရအဖွဲ့က နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးရာထူးက နုတ်ထွက်သွားပါတယ်။ ဒါမျိုးတွေ အခြားဥရောပနိုင်ငံတွေမှာလည်း အနည်းနဲ့အများ ဖြစ်လာနိုင်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့ထက် အမျိုးသားလုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားဆိုတာတွေက နေရာယူလာပါတယ်။

**စာမျက်နှာ ၁၁ သို့** ✪

> **“အခုကတည်းက နိုင်ငံတကာဆက်ဆံရေးသဘောတရားအချို့က အပြောင်းအလဲဖြစ်နေပါပြီ။ အရင်က အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ နိုင်ငံတကာဆက်ဆံရေးလက်နက်တစ်ခုက နိုင်ငံတကာအကူအညီဖြစ်ပါတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဖြစ်ပါတယ်။ အခုကတော့ အမေရိကန်က နိုင်ငံတကာအကူအညီတွေ သိသိသာသာ လျှော့ချပြီး ယာယီရပ်ဆိုင်းလိုက်သလို ဥရောပမှာလည်း ကာကွယ်ရေးအသုံးစရိတ် တိုးသုံးဖို့ဖိအားပေးခံနေရတာကြောင့် သူတို့ပေးနေတဲ့ နိုင်ငံတကာ အကူအညီတွေကိုလျှော့ချရဖို့ ဖြစ်လာနေပါတယ်။ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်နိုင်ငံ) မှာ ဝန်ကြီးချုပ်က ကာကွယ်ရေးအသုံးစရိတ်တိုးရမှာဖြစ်လို့ ပြည်ပအထောက်အပံ့တွေ လျှော့ချမယ်စီစဉ်လို့ အစိုးရအဖွဲ့က နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးရာထူးက နုတ်ထွက်သွားပါတယ်။ ဒါမျိုးတွေ အခြားဥရောပနိုင်ငံတွေမှာလည်း အနည်းနဲ့အများ ဖြစ်လာနိုင်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့ထက် အမျိုးသားလုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားဆိုတာတွေက နေရာယူလာပါတယ်”**

> **“အခုအချိန်ကတော့ ကမ္ဘာ့နိုင်ငံရေး တစ်နည်း နိုင်ငံတကာဆက်ဆံရေးမှာ ညီအစ်ကို မသိတသိအချိန်လို့ ပြောလို့ရပါတယ်။ အမေရိကန် သမ္မတထရမ့်အပေါ်မှာ အများကြီးမူတည်နေပါတယ်။ နိုင်ငံအားလုံးဟာ ကိုယ့်တွက်ကိန်းနဲ့ကိုယ်ဖြစ်ပါတယ်။ အထူးသဖြင့် ဥရောပနိုင်ငံတွေဟာ မီးစဉ်ကြည့်ကနေကြပါတယ်။ သူတို့ မျက်နှာတွေဟာ အမှောင်ရိပ်မှာ တစ်ခြမ်းပြုံး၊ တစ်ခြမ်းမဲ့နေတာနဲ့တူပါတယ်။ ထရမ့်နဲ့တွေ့ရင် ထရမ့်ရှေ့မှာပြုံးပြပြီး ထရမ့်ကို ကျောခိုင်းတာနဲ့ မျက်နှာမဲ့သွားတဲ့သဘောဖြစ်ပါတယ်”**

## ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ကြက်ဥနှင့် အသားငါးများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နေပြည်တော် ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် ဈေးများ၌ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၅၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ မတ် ၃၁ ရက်မှ ယနေ့အထိ ကြက်ဥ ၁၆၃၆၅လုံးနှင့် ကြက်သား ၆၇ ဒသမ ၁၀ ပိဿာ ရောင်းချနိုင်ခဲ့ပြီး အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။



ထို့ပြင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မန္တလေးမြို့ မန်းမြို့ညဈေးဝင်း၌ယနေ့မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၅၀ ဖြင့် ကြက်ဥ ၃၇၀၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် ပိဿာ ၁၆၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ပိဿာနှင့် အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ ရောင်းချပေးနိုင်ခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင်လည်း ရောင်းချ ပေးနိုင်ခဲ့ကြောင်းနှင့် တစ်ပတ်လျှင် တစ်ရက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၇၃ စခန်းသာ ပြုပြင်ရန်ကျန်ရှိ

နေပြည်တော် ဧပြီ ၂၃

မတ် ၂၈ က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ချို့ယွင်းပျက်စီးခဲ့ကြောင်း၊ မိုဘိုင်းအော်ပရေတာများက ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီ ၂၂ ရက် အထိ စခန်း ၆၄၅၇ စခန်း ကောင်းမွန်သွားပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းအနေဖြင့် ပြုပြင်ရန်ကျန် MPT စခန်း ၈၈ စခန်း၊ Atom စခန်း ၁၁၅ စခန်း၊ Ooredoo စခန်း ၄၉ စခန်း၊ Mytel စခန်း ၂၁ စခန်း စုစုပေါင်း ၂၇၃ စခန်းသာ ကျန်ရှိကြောင်းနှင့် ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၂)လရာသီပွဲတော်များနှင့်ပန်းများ အထိမ်းအမှတ် Block stamp အထူးထုတ် (၂၄၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၁၂)လရာသီပွဲတော်များနှင့်ပန်းများ အထိမ်းအမှတ် Block stamp အထူးထုတ် (၂၄၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဧပြီ၂၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၂)ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး စာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် ဧပြီလ ၂၈ ရက် (တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**




❋ **မန်စီးတီးအသင်းမှ**

အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၈ မိနစ်မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ပင်နယ်တီကနေတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် မန်စီးတီးအသင်းရဲ့အိမ်ကွင်း အီတီဟက်ဒ်မှာ ၁၅ ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့တဲ့ မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် အက်စ်တွန်ဗီလာအသင်းအနေနဲ့ မန်စီးတီးအသင်းကို အနိုင်ယူပြီး ပရီမီယာလိဂ်အဆင့် ၄ နေရာတက်လှမ်းနိုင်မယ့် မျှော်လင့်ချက်လည်း ပျက်ခဲ့ရပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အခွင့်အရေးနီးစပ်လာခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်မှာ ပရီမီယာလိဂ်အဆင့် (၂)နေရာကနေ အဆင့်(၇)အတွင်း အသင်းတွေဟာ လာမယ့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အပြိုင်ကြိုးပမ်းနေကြတာဖြစ်ပါတယ်။

**ငွေကြယ်**

❂ စာမျက်နှာ ၁၀ မှ

အမှန်မှာကိုက နိုင်ငံတကာဆက်ဆံရေးရဲ့ အခြေခံသဘောသဘာဝက လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားပါပဲ။ သို့သော် ကြော်ငြာတွေဝင်လိုက်တော့ နိုင်ငံတကာဆက်ဆံရေးဆိုတာ ပူးပေါင်းဆောင်ရွက်မှုတို့၊ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်ရေးတို့၊ ဒီမိုကရေစီ၊ လူ့အခွင့် အရေးဆိုတာတွေက လွှမ်းမိုးသွားတယ်။ အမျိုးသားအကျိုးစီးပွားမှာက အဲဒီဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ကို မငြင်းဆိုပါဘူး။ သို့သော် အမျိုးသားအကျိုးစီးပွားဆိုတာနဲ့တင် အစွန်းရောက်တံဆိပ်၊ ဖက်ဆစ်တံဆိပ်ကပ်ပြီး လက်ယာစွန်းနဲ့ ပေးစားတော့တာပါပဲ။ နောက်ဆုံး နိုင်ငံရေးဘက်အားလုံးဟာ အစွန်းတွေရောက်ကုန်တော့တာပါပဲ။ အခုကတော့ နိုင်ငံတကာဆက်ဆံရေးစည်းတွေ အားလုံးပေါက်ခဲ့ပါပြီ။ အကျိုးစီးပွားတောင် သာမန်အကျိုးစီးပွားမဟုတ်တော့ဘူး၊ မဟာအကျိုးစီးပွားတွေဖြစ်နေပြီ။ ဟိုး အဝေးကြီးက ဂရင်းလန်းကျွန်းကိုတောင် မျက်စောင်းထိုးနေပြီ။ အကျိုးစီးပွားဆိုတာ တက်တဲ့အချိန်မှာ (အဆင်ပြေတဲ့အချိန်မှာ) ချိုချိုသာသာတောင်းတယ်။ ကျတဲ့အချိန်မှာ (အဆင်မပြေတဲ့အချိန်မှာ) ဖြောင်တောင်းတာပါပဲ။

ယခင် နိုင်ငံတကာဆက်ဆံရေး အကောက်အယူတစ်ခုဖြစ်တဲ့ တစ်ကမ္ဘာလုံး ဒီမိုကရေစီလွှမ်းခြုံရေးဆိုတဲ့ လမ်းကြောင်းကပြောင်းပါပြီ။ ၁၉၉၁ ခုနှစ်ကစလို့ ကမ္ဘာတစ်လွှား ဒီမိုကရေစီထွန်းကား ပြန့်ပွားခဲ့တယ်။ လက်တစ်ဆုပ်စာနိုင်ငံတွေကလွဲရင် အားလုံးနီးပါး ဒီမိုကရေစီလို့တောင် ပြောလို့ရတယ်။ ဆိုဗီယက်ပြည်ထောင်စုလည်း နိုင်ငံ ၁၅ နိုင်ငံအဖြစ် ပြိုကွဲပြီး ရုရှားအပါအဝင် အားလုံးဒီမိုကရေစီနိုင်ငံတွေ ဖြစ်သွားတယ်။

သို့သော် အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ဒီမိုကရေစီ အောင်ပွဲကသိပ်တော့ကြာကြာမခံခဲ့ပါဘူး။ ၂၀၀၀ ပြည့်နှစ်များကစလို့ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံက တဖြည်းဖြည်းအင်အားကြီးမားလာတယ်။ ကမ္ဘာတစ်လွှားမှာ ရွေးကောက်ပွဲအမည်ခံပြုလုပ်ပြီး အာဏာကို ဆုပ်ကိုင်တဲ့ အာဏာပိုင်နိုင်ငံတွေ များပြားလာတယ်။ တစ်နည်းအမေရိကန်နဲ့ အနောက်အုပ်စုတို့ရဲ့ ဒီမိုကရေစီဟာ အကျဘက်ရောက်လာတယ်။ အခု ၂၀၂၅ ခုနှစ် သိကြတဲ့အတိုင်း အာဏာရှင်ဆန်တယ်လို့ လူပြောများတဲ့ ဒေါ်နယ်ထရမ့် အမေရိကန်နိုင်ငံမှာ ရွေးကောက်ပွဲကတစ်ဆင့် ဒုတိယအကြိမ် အာဏာရလာခဲ့တယ်။ ဥရောပတစ်လွှားမှာလည်း ရွေးကောက်ပွဲတွေကတစ်ဆင့် အမျိုးသားရေးအခြေခံတဲ့လက်ယာစွန်းပါတီတွေ နေရာပိုရလာတယ်။ ၂၀၂၅ ခုနှစ်ထုတ် ကမ္ဘာ့စစ်တမ်းအချို့မှာ ကမ္ဘာမှာ ဒီမိုကရေစီစစ်စစ်လို့ ပြောလို့ရတဲ့ နိုင်ငံက အနည်းစုဖြစ်သွားတယ်။ ဒီမိုကရေစီမကျ၊ အာဏာရှင်မကျ နိုင်ငံတွေက အများစုလို ဖြစ်လာတယ်။

### မီးစဉ်ကြည့်ကနေကြ

အခုအချိန်ကတော့ ကမ္ဘာ့နိုင်ငံရေး တစ်နည်း နိုင်ငံတကာဆက်ဆံရေးမှာ ညီအစ်ကို မသိတသိအချိန်လို့ ပြောလို့ရပါတယ်။ အမေရိကန်သမ္မတထရမ့်အပေါ်မှာ အများကြီးမူတည်နေပါတယ်။ နိုင်ငံအားလုံးဟာ ကိုယ့်တွက်ကိန်းနဲ့ ကိုယ်ဖြစ်ပါတယ်။ အထူးသဖြင့် ဥရောပနိုင်ငံတွေဟာ မီးစဉ်ကြည့်ကနေကြပါတယ်။ သူတို့ မျက်နှာတွေဟာ အမှောင်ရိပ်မှာ တစ်ခြမ်းပြုံး၊ တစ်ခြမ်းမဲ့နေတာနဲ့ တူပါတယ်။ ထရမ့်နဲ့ တွေ့ရင် ထရမ့်ရှေ့မှာပြုံးပြပြီး ထရမ့်ကို ကျောခိုင်းတာနဲ့ မျက်နှာမဲ့သွားတဲ့သဘောဖြစ်ပါတယ်။

ထရမ့်ကျရှုံးပြီဆိုတာနဲ့ ကနေဒါနဲ့ ဥရောပတစ်လွှား ထိန်ထိန်ညီးအောင် မီးရှူးမီးပန်းပစ်ဖောက်ကြမယ့်အနေအထားပဲ ဖြစ်ပါတယ်။ ထရမ့်သာဆက်အာဏာရှိနေမယ်၊ ဒီအတိုင်းဆက်သွားနေမယ်၊ အောင်မြင်မယ်ဆိုရင် လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းဟာ အကြီးအကျယ်ပြောင်းလဲသွားပါလိမ့်မယ်။ ၂၀၂၈ ခုနှစ်မှာ အမေရိကန်မှာ သမ္မတရွေးကောက်ပွဲရှိပါတယ်။ ထရမ့်က အခုဆို တတိယအကြိမ် နောက်ထပ်ရွေးကောက်ပွဲဝင်နိုင်ဖို့ ဖွဲ့စည်းပုံကိုပြင်ဆင်ဖို့ အခုကတည်းက နှပ်ကြောင်းပေးနေပါတယ်။

အဲဒီမှာ ထရမ့် ထပ်အရွေးခံရမယ်၊ ဒါမှမဟုတ်လည်း ထရမ့်နဲ့ သဘောညီတဲ့သူ၊ ထရမ့်က ထောက်ခံမှုပေးတဲ့သူ အာဏာဆက်ရမယ်ဆိုရင် အနောက်ကမ္ဘာ ဒီမိုကရေစီဟာ ပုံပျက်ပန်းပျက် ဖြစ်သွားနိုင်ပါတယ်။ ဒီမိုကရေစီဟာ လုံးလုံးပျက်စီးသွားမှာ မဟုတ်ပေမယ့် ကပြားအသွင်တစ်မျိုးနဲ့ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတာက ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း ဒုတိယအပိုင်း ဘယ်လိုအဆုံးသတ်မလဲဆိုတာပဲ ဖြစ်ပါတယ်။ ။

# ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပုသိမ် မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်သည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယနေ့ပြုလုပ်သည့် မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို လူငယ်များ ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးဆက်သစ် ပြေးခုန်ပစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်အားကစားတွင် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်များ ထွက်ပေါ်ခဲ့ပြီး မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာရေးအတွက်လည်း နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နွေရာသီသင်တန်းများမှ ထူးချွန်လာသည့် အားကစားသမားများကို ရေရှည်စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပြီး အားကစားသမားများ တည်းခိုရေး၊ နေထိုင်ရေး၊ စားသောက်ရေးနှင့် ပညာရေးစသည့် အခြေအနေများကိုလည်း ဘက်စုံပြည့်စုံအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယနေ့ပြိုင်ပွဲမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ တိုးတက်ရရှိစေရေး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန် အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲအားဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသား၊ အမျိုးသမီးမီတာ(၄၀၀)ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် အမျိုးသား၊ အမျိုးသမီး မီတာ(၄၀၀) လူရွေးပွဲ၊ အမျိုးသမီး မီတာ (၁၅၀၀) ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး လုံတံပစ် (ဗိုလ်လုပွဲ)၊ အမျိုးသား၊ အမျိုးသမီး မီတာ(၄၀၀) လက်ဆင့်ကမ်း(လူရွေးပွဲ) များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ နွေစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

တိုက်ကြီး မေ ၂၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော နွေစပါးစိုက်သမဝါယမအသင်းသားတောင်သူများ၏ နွေစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်တို့က ယနေ့တွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဒေါ်မင်းချုပ်ကျေးရွာရှိ အသင်းသားတောင်သူ ဦးသီရိ၏ ရက်(၉၀) စပါး သုံးဧကစိုက်ကွင်း ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း တင်း ၁၂၀၊ ဂုံညင်းတန်းကျေးရွာရှိ အသင်းသားတောင်သူ ဦးထွန်းလင်း၏ ဗီယက်နမ်မျိုးစပါး သုံးဧကစိုက်ကွင်း ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း တင်း ၁၂၀ နှင့် ဂျိုးဖြူစံပြကျေးရွာရှိ အသင်းသားတောင်သူ ဦးကျော်စိုးမင်း၏ ဗီယက်နမ်မျိုးစပါး ၃ ဒသမ ၅ ဧကစိုက်ကွင်း ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်အနေဖြင့် နွေစပါး ၁၇၁၄ ဧကကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုကို ထုတ်ပေးခဲ့ပြီး လာမည့်မိုးရာသီတွင် မိုးစပါးစိုက်ဧက ၃၀၀၀ ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

## ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်

ရေတာရှည် မေ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ လစဉ်ပင်စင်လာရောက်ထုတ်ယူသော အငြိမ်းစားဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



ရေတာရှည်မြို့နယ်၌ လစဉ် ၂၁ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာများထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများကို ရေတာရှည်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ဆွာ၊ မြို့လှ၊ ရေနီတို့ရှိ တိုက်နယ်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ငလျင်ဘေးသင့်သည့်ကာလအတွင်းတွင်လည်း သက်ဆိုင်ရာနေရာများနှင့် တိုက်နယ်ဆေးရုံများတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အရှိန်အဟုန်မပျက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက အမှတ်(၁၅)ရပ်ကွက်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးနှင့်တပ်ဖွဲ့ဝင်များက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတမြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဟင်္သာတမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ သစ်စိမ်းမြေဩဇာ စုပေါင်းကြဲပက်

ဝါးခယ်မ မေ ၂၃

မိုးစပါးရာသီ၌ တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ တောင်သူအောင်မျိုးသိုက်၏ လယ်မြေ ၃ ဒသမ ၈၁ ဧက၌ ပြုလုပ်သည်။



အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေး၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများက စုပေါင်းဆောင်ရွက်ကြသည်။ ထို့နောက် ခရိုင် စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါး ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကောင်းမွန်ပြီး သွင်းအားစု ဓာတ်မြေဩဇာများ လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအထွက်တိုးကာ တောင်သူများ ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဆော်ဒီအာရေဗျအပါအဝင် အရှေ့အလယ်ပိုင်းသုံးနိုင်ငံသို့ သွားရောက်မည်



ဝါရှင်တန် မေ ၂၃

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆော်ဒီအာရေဗျအပါအဝင် အရှေ့အလယ်ပိုင်းသုံးနိုင်ငံသို့ လာမည့်လတွင် သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့ကြေညာသည်။

ဒေသတွင်း ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ယူကရိန်းနှင့် ဂါဇာကမ်းမြောင် အခြေအနေများကို အဓိကဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထရမ့်သည် ဆော်ဒီအာရေဗျ၊ ကာတာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများသို့ မေ ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်မည်ဖြစ်သည်။

ထရမ့်သည် ၎င်း၏ဒုတိယသက်တမ်းတာဝန်ယူပြီးနောက် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် အရှေ့အလယ်ပိုင်းဒေသကို ကနဦးစီစဉ်ထားသော်လည်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဈာပနကို တက်ရောက်ရန် ယခုသီတင်းပတ်ကုန်တွင် ရောမမြို့သို့သွားရောက်ရန် ၎င်း၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

**ကြိုးပမ်းဆောင်ရွက်**

ဆော်ဒီအာရေဗျသည် ၎င်း၏ပထမသက်တမ်းအတွင်း ဒေါ်နယ်ထရမ့် သွားရောက်ခဲ့သည့် ပထမဆုံး ပြည်ပနိုင်ငံဖြစ်သည်။ ၎င်း၏ ဒုတိယသက်တမ်းတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဟု ယုံကြည်ရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ရပ်တန့်နေသည့်အတွက် ဂါဇာရှိ လက်ရှိအခြေအနေများကိုလည်း ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်စ်တို့ နယူးဒေလီ၌ တွေ့ဆုံ

နယူးဒေလီ မေ ၂၃

အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်စ်သည် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်၌ ယမန်နေ့တွင် တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံအကျိုးစီးပွားများ ပိုမိုနက်ရှိုင်းလာစေရန်နှင့် ကုန်သွယ်မှုသဘောတူညီချက်အသစ်များ ထွက်ပေါ်လာစေရန် လာရောက်ခြင်းဖြစ်ကြောင်း ဂျေဒီဗင့်စ်က ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် ၂၁ ရာစုကို ကောင်းမွန်စွာပုံဖော်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်စ်သည် အိန္ဒိယနိုင်ငံသို့ မေ ၂၁ ရက်တွင် ရောက်ရှိခဲ့ပြီး လေးရက်ကြာ နေထိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီနှင့် ဂျေဒီဗင့်စ်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ မူဘောင်တစ်ရပ်အပေါ် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယနိုင်ငံအပေါ် အခွန်စည်းကြပ်ချမှတ်မှုများ မချမှတ်မီ အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များ အမြန်ဆုံးပြေလည်စေရန် အိန္ဒိယတာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်စ်သည် အမေရိကန်လုပ်စွမ်းအင်နှင့် ကာကွယ်ရေးပစ္စည်းများကို ပိုမိုဝယ်ယူရန် အိန္ဒိယခေါင်းဆောင်များအား တိုက်တွန်းပြောဆိုခဲ့သည်။

အိန္ဒိယနှင့် အမေရိကန်နှစ်နိုင်ငံ အောင်မြင်စွာ လက်တွဲဆောင်ရွက်မည်ဆိုပါက ၂၁ ရာစုသည် သာယာဝပြောပြီး အကျိုးရလဒ် အသီးအပွင့်များကို ရရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်စ်က ဆက်လက်ပြောကြားသည်။



အမေရိကန် ခေါင်းဆောင်များသည် အိန္ဒိယနိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန်များအပေါ် သိသိသာသာ အတားအဆီးများဖြင့် ပစ်မှတ်ထားလျက်ရှိသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုလိုငွေပြမှုသည် ၂၀၂၄ ခုနှစ်တွင် ၄၅ ဒသမ ၇ ဘီလီယံဒေါ်လာရှိပြီး ၂၀၂၃ ခုနှစ်ကထက် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# ကမ္ဘောဒီးယားနှင့် ထိုင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ဖနွမ်းပင် မေ ၂၃

ကမ္ဘောဒီးယားနှင့် ထိုင်း နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် အပြန်အလှန်ကတိပြုခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့်ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ပေတုန်တန်တို့ ဖနွမ်းပင်တွင်တွေ့ဆုံစဉ် ယခုကဲ့သို့ ကတိကဝတ်ပြုခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ အလုပ်သမား၊ ပညာရေး၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှု၊ လုံခြုံရေး၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှင့် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်ဖက်စလုံးကသဘောတူညီခဲ့ကြောင်း ဆွေးနွေးပွဲအပြီး ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယမန်နှစ်က ဒေါ်လာ ၁၀ ဘီလီယံရှိခဲ့ရာမှ ၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း ထိုင်းဝန်ကြီးချုပ် ပေတုန်တန်က ပြောကြားခဲ့သည်။

အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ရာတွင် ထိုင်းနှင့် ကမ္ဘောဒီးယား ရဲတပ်ဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးခဲ့ပြီး ထိုင်း-ကမ္ဘောဒီးယား နယ်စပ်ဒေသများမှ ရာဇဝတ်မှုများပပျောက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ၎င်းက ကတိပြုခဲ့သည်။ ဆွေးနွေးပွဲအတွင်းသဘာဝပတ်ဝန်းကျင်၊ အလုပ်သမားရေးရာ၊ လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ခုနစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# တူကီယဲနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ မြေငလျင်လှုပ်ခတ်

အစ္စတန်ဘူလ် မေ ၂၃

တူကီယဲနိုင်ငံတွင် မေ ၂၃ ရက်က ပြင်းအား ရစ်(ချ်)တာစကေး ၆ ဒသမ ၂ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းမြေငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၉ မိနစ်တွင် မာမာယာအီယာလီဆီခရိုင်၏ အရှေ့တောင်ပိုင်း ၂၁ ကီလိုမီတာအား ဗဟိုပြုလှုပ်ခတ်ခဲ့ပြီး ငလျင်လှုပ်ခတ်နေစဉ် အတွင်းတွင် အဆောက်အအုံများ၏ အပြင်ဘက်သို့ ဒေသခံများ ကြောက်လန့်တကြားပြေးထွက်ခဲ့ကြကြောင်း သိရသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ယူကရိန်း၊ ဂရိ၊ ရိုမေးနီးယားနှင့် ဘူဂေးရီးယားနိုင်ငံများတွင်လည်း နောက်ဆက်တွဲငလျင်များလှုပ်ခတ်ခဲ့သဖြင့် အဆောက်အအုံများတုန်ခါခဲ့သည်။ လက်ရှိအချိန်အထိ ၎င်းမြေငလျင် လှုပ်ခတ်မှုများအတွင်း ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ တူကီယဲနိုင်ငံတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကိုဖွဲ့စည်းခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များအား တပ်လှန့်ထားကြောင်း သိရသည်။

အဆောက်အအုံများအား ပြန်လည်နေထိုင်ရန် သင့်၊ မသင့်ကို တာဝန်ရှိသူများက စစ်ဆေးနေပြီး ဒေသခံများအား ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအနီးတွင် နေထိုင်ခြင်းမပြုရန်နှင့် စိတ်ချသည့်နေရာများတွင် ခိုလှုံနေထိုင်ရန် ညွှန်ကြားခဲ့ကာ အရေးပေါ်ကယ်ဆယ်ရေးစင်တာများကိုလည်း ဖွင့်လှစ်ခဲ့သည်။

ကိုးကား-ဘီဘီစီ

ဘာသာပြန်-စိုးသူရ



# အမေရိကန်နည်းပညာကုမ္ပဏီများအား ဒဏ်ငွေများချမှတ်

ဘရပ်ဆဲ မေ ၂၃

ဥရောပသမဂ္ဂသည် ၎င်းချမှတ်ထားသည့် ဒစ်ဂျစ်တယ်ဈေးကွက်ဆိုင်ရာ ဥပဒေကို ချိုးဖောက်သည့်အတွက် အမေရိကန်နည်းပညာကုမ္ပဏီများဖြစ်သည့် Apple နှင့် မီတာတို့အား ဒဏ်ငွေများချမှတ်ခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် ဒစ်ဂျစ်တယ်ဈေးကွက်များတွင် တရားမျှတစွာ ယှဉ်ပြိုင်နိုင်စေရန်အတွက် ဒစ်ဂျစ်တယ်ဈေးကွက်ဆိုင်ရာ ဥပဒေကို ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သည်။

အင်တာနက်သုံးစွဲသူများထံ ကမ်းလှမ်းမှုများပြုလုပ်ရန် အက်ပ်ဆော့ဖ်ဝဲရေးဆွဲသူများ၏ အခွင့်အလမ်းများကို Apple ကုမ္ပဏီက ကန့်သတ်ပိတ်ပင်ထားပြီး ၎င်း၏ အက်ပလီကေးရှင်းကိုအသုံးပြုမှသာ လမ်းကြောင်းများကို ဝင်ရောက်နိုင်ရန် ဆောင်ရွက်ထားသည့်အတွက် ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။ မီတာသည် ကြော်ငြာမပါသော ဝန်ဆောင်မှုအတွက် စာရင်းသွင်းခများကို သုံးစွဲသူများထံကောက်ခံသောကြောင့် ဒစ်ဂျစ်တယ်ဈေးကွက်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

Apple သည် အမေရိကန်ဒေါ်လာ သန်း ၅၇၀ နှင့် မီတာသည် အမေရိကန်ဒေါ်လာ သန်း ၂၃၀ ခန့်ကို ဥရောပသမဂ္ဂထံ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# မိုးညှင်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ညနေ ၆ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် စောသာထူး မောင်းနှင်ပြီး စောနိုင် လိုက်ပါလာသည့် MITSUBISHI CANTER အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၄၃ ဒသမ ၅ ကီလို(တစ်ကီလိုလျှင်ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၀၉ သိန်း)နှင့် ဘိန်းစိမ်း ၃၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀)တို့ကို သိမ်းဆည်းရမိခဲ့သည်။



စောသာထူးနှင့် စောနိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သုဓမ္မာလမ်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မလဲ့ဇာလီဌေးအား စစ်ဆေးရှာဖွေရာ ၎င်းထုတ်ယူသည့် စက္ကူချပ်ဖာများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၄၈၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေနံစိမ်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ အောင်စိုးမိုးဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၅၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၁၂၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၂ ရက်က မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ရေနံစိမ်း ဂါလန် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ လည်းကောင်း၊ ပခုက္ကူမြို့ မြို့ရှောင်လမ်းနှင့် သီတာလမ်းဆုံ၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၉၅၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်



မကွေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၅၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် ပေါင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၉၈၅၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၃၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၅၄၆၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေ ၂၁၆၇၂၄၃၁၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၄-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေဗ္ဗဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လူထုသိပွဲကျမ်းများ လူ့ဒါန်းမှုမှသည်စာဖတ် ရှိနှိမ့်တင်ရေးသို့
- ၀၉:၁၀ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ပူတာအိုလွင်ပြင်ပတ်လမ်း
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင့်ရာခရီး' (အပိုင်း-၁၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လူစွမ်းကောင်းများခေတ်' (အပိုင်း-၉)
- ၁၄:၅၅ ရုပ်မြင်သံကြားဇာတ်လမ်း 'မြားထိသွားသောမုဆိုး'
- ၁၆:၄၀ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
- ၁၇:၁၀ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ပန်းပျိုးသည်လက်' (အပိုင်း-၁၉)
- ၂၀:၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လူစွမ်းကောင်းများခေတ်' (အပိုင်း-၁၀)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:00 Evergreen Classic: Zeyatu Sabba Mingalan
- 07:10 The Boat Trip to the Three Islands Around Ngwe Saung
- 07:28 Tastes of Home Land: Steamed Lobster
- 07:37 Listening Pleasure, Instrumental Music (Horn Violin) Sayama
- 07:48 Sarus Crane in Myanmar
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Singapore
- 08:36 The Usefulness of Thread
- 08:54 Tourism Develpoment in Myanmar
- 09:01 Robe Business in Ta Ma Ta Kaw
- 09:20 Edible Beauty: Tha Khut
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၃၅ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၄)
- ၀၈:၁၀ စတီရီယိုတေးများ
- ၀၈:၃၀ ဆိုကရေးတီးဆုရ 'အိုးစည်အတီးပြိုင်ပွဲ၊ တစ်ဦးချင်းအကပြိုင်ပွဲ၊ ကချာလွတ်ယိမ်းအဖွဲ့'
- ၀၉:၄၅ ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၈)
- ၀၉:၅၅ စတီရီယိုတေးများ
- ၁၀:၁၅ မြန်မာရုပ်ရှင် 'ဖြူမည်း' 'ငနွရူပ'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငှက်လိုက်ပွဲ

**ပအိုဝ်းကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပရဲသီးနှင့် ကျန်းမာရေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ထူးကဲအရသာကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (တိရစ္ဆာန်အငေါ်အငေါ်)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၇)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းသီချင်းကြီး (အပိုင်း-၄)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရာမညမြေမှ အလှတရားများ (အပိုင်း-၃)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအမွေ (တက်ညီလက်ညီ အပြိုင်လှော်ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှားစောင်းလက်ပပ်ရဲ့ကောင်းကျိုးများ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မူလာရိုးဒီးသို့ အလည်တစ်ခေါက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗီရှိသမ္မတနိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၇)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စနစ်တကျပြန်တီးတီထွင် မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၁၅ The Flood
- ၂၀:၀၀ အပင်း (ဇာတ်လမ်း)
- ၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဖြစ်ကြောင်း TikTok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှားဖြန့်ဝေခဲ့သူ John(Palmistry)အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၁ ရက်တွင် မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဟု TikTok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှားဖြန့်ဝေနေကြောင်း သတင်းအရ ဧပြီ ၂၂ ရက် ၁၀:၀၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မုံရွာမြို့ မြဝတီရပ်ကွက် တိုးချဲ့ကွက်သစ်ရပ် နယ်မြေ (၂၁) ရွှေညောင်ပင်လမ်းရှိ နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ တရားခံ John(Palmistry) အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း မုံရွာမြို့ပေါ်၌ပြုလုပ်သည့် ဆန္ဒပြပွဲများတွင် အကြိမ်(၂၀) ခန့် လိုက်ပါဆောင်ရွက်ခဲ့သဖြင့် မုံရွာနယ်မြေရဲစခန်းမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူခဲ့သော်လည်း အသက်မပြည့်သူ ကလေးသူငယ်ဖြစ်သဖြင့် မိဘအုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာနေထိုင်ရန် မုံရွာခရိုင်တရားရုံးမှ အမိန့်ချမှတ်ခြင်းခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ် မေ ၂၈ ရက်တွင် ကော့ကရိတ်မြို့မှတစ်ဆင့် KNDO တပ်ရင်း(၆)သို့ သွားရောက်ခဲ့ပြီး အဆိုပါ KNDO တပ်ရင်း(၆)၌ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းကို သင်တန်းသား ၇၅ ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက်အဖွဲ့အစည်းများအတွက် အွန်လိုင်းမှတစ်ဆင့် အလှူငွေများ ကောက်ခံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ တတိယပတ်ခန့်တွင် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်စဉ် အောက်တိုဘာ ၃၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း၊ ယင်းနောက် နိုဝင်ဘာ ၁၄ ရက်တွင် မုံရွာမြို့ အမှတ်(၁)ရဲစခန်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ-၅၀(ည)/၅၂(က)တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မုံရွာခရိုင်တရားရုံးမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ထောင်ဒဏ် ၂ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် မန္တလေးမြို့ရှိ လူငယ်ထိန်းသိမ်းရေးသင်တန်းကျောင်း၌ ထိန်းသိမ်းစောင့်ရှောက်ခြင်းခံခဲ့ရကာ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

ဂျွန်မိုးသဲအနေဖြင့် ထောင်မှလွတ်မြောက်ပြီးနောက် ဗေဒင်လက္ခဏာပညာအား အသုံးချ၍ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် Johnmoe5.t အမည်ဖြင့် TikTok အကောင့်ဖွင့်လှစ်ကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပတ်သက်သည့် Post များကိုလည်းကောင်း၊ မြေငလျင်နှင့်ပတ်သက်သည့် Post များကိုလည်းကောင်း အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပြီး နောင်အလားတူ မဟုတ်မမှန် သတင်းအမှားများရေးသားဖြန့်ဝေသူများကိုလည်း စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအတု သတင်းအမှားများကို မသမာသူများက ဖြန့်ဝေရေးသားဖော်ပြလျက်ရှိသဖြင့် ယုံကြည်မှုမရှိရန် နှင့်သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတင်းများကို သက်ဆိုင်ရာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ တိကျစွာထုတ်ပြန်ပေးလျက်ရှိကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



မဟုတ်မမှန် သတင်းအမှားများ ဖြန့်ဝေခဲ့သူ ဂျွန်မိုးသဲ၊ ၂၁ နှစ်




https://www.tiktok.com/@johnmoe5.t



JOHN(Palmistry) TikTok Account ၏ Profile ပုံနှင့် Account ပိုင်ရှင်၏ဓာတ်ပုံ










ဂျွန်မိုးသဲအသုံးပြုသည့် TikTok အကောင့်မှ မြေငလျင်နှင့်ပတ်သက်၍ Post တင်ထားမှု မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဧပြီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@mtkmobile29" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရက်ကြီးကျေးရွာနေ ချမ်းငြိမ်းအားညဉ့် ၉ နာရီမိနစ် ၂၀ တွင်ဘုရားကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြိတ်ကို အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့် သင်ကြားနည်းပညာ ဒီပလိုမာသင်တန်းဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုအားပေး

မြိတ် ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြိတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့် သင်ကြားနည်းပညာဒီပလိုမာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။



## သင်ကြားလေ့ကျင့်

သင်တန်းကို အခြေခံပညာမူလတန်းပြ၊ ဒုတိယမူလတန်းပြ၊ လက်ထောက်မူလတန်းပြ ဆရာ ဆရာမများအား စွမ်းဆောင်ရည်နှင့် သင်ကြားနည်းဆိုင်ရာ အတွေးအခေါ်များ၊ ပြဿနာဖြေရှင်းနည်းများ၊ ပူးပေါင်းဆောင်ရွက်နည်းများကို တိုးတက်စေရန်အတွက် နိုင်ငံတကာ ပညာရေးစနစ်နှင့်အညီ သတ်မှတ်ထားသည့် ဘာသာရပ် ၁၆ ခုကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည်။

သင်တန်းတွင် သင်တန်းသား ဆရာ ဆရာမများ သင်ကြားလေ့ကျင့်ပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား တွေ့ဆုံကာ သင်တန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းအသုံးစရိတ်အတွက် ချီးမြှင့်ငွေကျပ် ၁၅ သိန်းကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို မတ် ၂၄ ရက်က ဖွင့်လှစ်ခဲ့ပြီး အခြေခံပညာမူလတန်းပြ၊ ဒုတိယ မူလတန်းပြ၊ လက်ထောက်မူလတန်းပြဆရာ ဆရာမ သင်တန်းသား သင်တန်းသူ မြိတ်မြို့နယ်မှ ၃၅၈ ဦး၊ ကျွန်းစုမြို့နယ်မှ ၁၅၃ ဦး၊ ပုလောမြို့နယ်မှ ၁၀၅ ဦး၊ တနင်္သာရီမြို့နယ်မှ ၂၃ ဦး၊ ဘုတ်ပြင်းမြို့နယ်မှ ၃၈ ဦး၊ သရက်ချောင်းမြို့နယ်မှ နှစ်ဦးနှင့် ကော့သောင်းမြို့နယ်မှ တစ်ဦး စုစုပေါင်း ၆၈၀ တက်ရောက်လျက်ရှိသည်။ သင်တန်းမှာ ၄၉ ရက်ကြာ သင်ကြားမည်ဖြစ်ပြီး လက်တွေ့ချိန်အဖြစ် ၄၃ ရက်ကို တန်းပြဆင်း လေ့ကျင့်သင်ကြားရမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့က အထက(၂) တွင် နွေရာသီ လူငယ်ဘင်ခရာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါသင်တန်းကို ဧပြီ ၁၈ ရက်မှ မေ ၂၅ ရက်အထိ ဖွင့်လှစ်လျက်ရှိကာ သင်တန်းသား ကျောင်းသား ကျောင်းသူ ၇၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း နွေစပါးစိုက်ခင်းများ ရေရရှိရေး ကြည့်ရှု

တပ်ကုန်း ဧပြီ ၂၃

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် နွေစပါးစိုက်ခင်းများ ရေရရှိရေးကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ကျားသေအိုင်ကျေးရွာ သာသနဝေပုလ္လကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းမျိုးစုံနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း ဘုရားစေတီနှင့် သိမ်ကျောင်း၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် နွေစပါးစိုက်ခင်းများ ရေရှိရေး ဆင်သေရေလွှဲဆည်မှ လက်ဝဲမြောင်းမကြီးအတွင်း ရေတင်ပေးမှုအား ကြည့်ရှုပြီး နွေစပါးစိုက်တောင်သူများ ရေများမျှတစွာရရှိရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ရေအေးကွင်းအတွင်း ဆိုလာစနစ်ရေတင်နေမှုနှင့် ခရမ်းစပ်ကုန်းကွင်း၊ ရှောက်ကုန်းကွင်း၌ နွေစပါးစိုက်ခင်းများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက ငလျင်ဘေးကြောင့် ရန်ကုန်-မန္တလေး အမြန်ကားလမ်းနှင့် တပ်ကုန်းမြို့ ဆက်သွယ်ထားသည့် ကွန်ကရစ်ကားလမ်း မိုင်တိုင် (၄/၀၂) နှင့် (၅/၃) ကြား ပျက်စီးမှု၊ လမ်းလွှဲဆောင်ရွက်နေမှုနှင့် လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | ၄၅၀၅ | ၃၁၀၅ | ၂၈၃၀ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၁၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၀ | ၂၈၈၅ | ၂၈၈၅ | ၂၉၅၅ | ၂၉၂၀ | ၂၉၄၅ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၅၀၅ | ၂၄၇၀ | ၂၄၀၅ | ၂၅၁၀ | ၂၅၂၅ | ၂၅၄၅ | ၂၄၆၅ | - | ၂၇၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၅၅၀ | ၂၅၁၅ | ၂၅၄၀ | ၂၇၉၅ |
| HSD (50 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | ၄၈၃၀ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |
| HSD (10 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | - | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၀ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အုတ်တွင်းမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

အုတ်တွင်း ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေးများ အခမဲ့လိုက်လံထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ယမန်နေ့နံနက်ပိုင်းက နတ်စဉ်ကုန်းကျေးရွာအုပ်စု ဆင်ကုန်တိုင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာထက်ယမုံဦးက ကျွဲ၊ နွားများတွင် ကျရောက်တတ်သောရောဂါများ၊ လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါလက္ခဏာများ ကြိုတင်ကာကွယ်ကြရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ဆင်ကုန်တိုင်ကျေးရွာအတွင်းရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေးများ အခမဲ့လိုက်လံထိုးနှံပေးခဲ့သည်။

**ခင်ခင်မာ(ပြန်/ဆက်)**



# ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဘားအံ ဧပြီ ၂၃**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားပြီး တိုင်းပြည်သာယာဝပြော၍ စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဖူလုံပိုလျှံအောင် ထုတ်လုပ်ပြီး ပြည်ပတင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားတိုးတက်ရန်နှင့် တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခင်အပတ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုအပေါ် နှိုင်းယှဉ်ချက်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးနေမှုနှင့် တိုးမြှင့်စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် သီးနှံအလိုက် အထူးဇုန်များဖော်ထုတ်မည့် အစီအစဉ်၊ သီးနှံအလိုက် မျိုးစေ့နှင့်သွင်းအားစု လိုအပ်မှုအခြေအနေ၊ မိုးကြိုထယ်ရေးခံခြင်းနှင့်သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ မိုးစပါးနှင့်မိုးသီးနှံများ အထွက်နှုန်းတိုးတက်ရေး တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ နှင့်အထက်စံပြကွက်များ၊ သီးနှံပုံစံစမ်းသပ်ကွက်များ ဆောင်ရွက်မည့်အစီအစဉ်၊ ပြည်နယ်အတွင်းမွေးမြူတိရစ္ဆာန်ကောင်ရေ၊ မွေးမြူရေးဇုန်များ၏ ထုတ်လုပ်မှုအခြေအနေ၊ ပြည်နယ်အတွင်း အသား၊ ဥထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှု၊ မွေးမြူရေးထွက်ကုန်တိုးတက်စေရေး ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# စစ်တွေမြို့၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဧပြီ ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ယနေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ယနေ့ကာလတွင် နိုင်ငံတော်အပေါ်သစ္စာရှိစွာနှင့် ဌာနလုပ်ငန်းတွင် အောင်မြင်အောင် ဆောင်ရွက်ပေးနေကြသည့် ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေး ဆန်ရိက္ခာအပါအဝင် အခြေခံစားကုန်များကိုလည်း ပေးအပ်လျက်ရှိကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို လစဉ်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ၂၀၂၅ ခုနှစ် နွေရာသီလူငယ်ရေးရာ ဖွံ့ဖြိုးရေးသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မတ် ၂၈ ရက်က လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် လက်ရှိဖြစ်ပွားခံစားနေရသည့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်တို့တွင် လူနှင့်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး စီမံချက်များရေးဆွဲထားရမည်ဖြစ်၍ မိမိတို့ ရခိုင်ပြည်နယ်အနေဖြင့် မိုးဦးရာသီများတွင် အမြဲဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုပြီး အစီအမံများ ကြိုတင်ရေးဆွဲထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက မိမိတို့ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်မေးမြန်းဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၂၃**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မာလဝီသမ္မတနိုင်ငံ သံရုံးမှ Deputy Ambassador Mr.Oliver K.Chimphambano နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၀ ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



✤ **ကျောဖုံးမှ**

ကစားသမားရွေးချယ်မှုများကို ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၊ ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၊ မေ ၁ ရက်မှ ၃ ရက်အထိ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၊ မေ ၅ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ အကယ်ဒမီကွင်း၊ မေ ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော် ဘောဂဝတီကွင်းတို့၌ နံနက် ၇ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်သည်။ လာရောက်ရွေးချယ်ခံလိုသည့် ကစားသမားများအနေဖြင့် ဖုန်း-၀၉၇၆၉၉၀၀၆၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အရည်အချင်းပြည့်ဝသည့် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန် အကယ်ဒမီကျောင်းများတွင် ကျောင်းပညာရေးနှင့် ဘောလုံးပညာရေးကို ပူးတွဲသင်ကြားပေးနေခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၂၃**

ရှမ်းပြည်နယ်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကို ရေးဆွဲရာတွင် ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားရေးမျှော်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အမှန်တကယ်အကောင်အထည်ဖော်နိုင်ပြီး ပြည်သူများအတွက် လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် သာမန်လုပ်ငန်းစဉ်သဘောမထားဘဲ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားလေးနက်သည့် လုပ်ငန်းစဉ်အဖြစ် ခံယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ရှမ်းပြည်နယ်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ လယ်ယာကဏ္ဍကြီး (စိုက်ပျိုးရေးဦးစီးဌာန)၊ စက်မှုကဏ္ဍကြီး(စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)၊ ဝန်ဆောင်မှုကဏ္ဍကြီး(မြန်မာ့စီးပွားရေးဘဏ်)၊ ပအိုဝ်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်ကြီးခရိုင်၊ ကလောခရိုင်၊ လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်၊ မိုင်းရှူးခရိုင်၊ လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု တားဆီးလျှော့ချနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဧပြီ ၂၃**

ကချင်ပြည်နယ်အတွင်း Fire Hotspot အကြောင်းအရင်းဖြစ်စေသည့် နေရာဒေသများတွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ တားဆီးလျှော့ချနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း Fire Hotspot ဖြစ်ပေါ်စေသည့် အကြောင်းရင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအပါအဝင် ခရိုင်အဆင့်တွင် ခြောက်ခုနှင့် မြို့နယ်အဆင့်တွင် နှစ်ခု ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အဆင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာအဖွဲ့ဝင်များအနေဖြင့် Fire Hotspot အကြောင်းရင်းဖြစ်စေသည့် နေရာဒေသများကို ရှာဖွေဖော်ထုတ်၍လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရေးအတွက်လည်းကောင်း တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ပိုမိုသိရှိနားလည်လာစေရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။



ထို့နောက် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက Fire Hotspot နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လအလိုက်၊ နှစ်အလိုက် ဖြစ်ပေါ်စေခဲ့မှုအခြေအနေများ၊ ထိန်းချုပ်လျှော့ချရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် Fire Hotspot ဖြစ်ပေါ်စေမှုအပေါ် ကာကွယ်ထိန်းချုပ်လျက်ရှိသည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ထိန်းချုပ်လျှော့ချနိုင်ရေး အသိပညာပေးခြင်းနှင့် တောမီးရှို့ခြင်းကိုထိန်းချုပ်ခြင်း စသည့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကူမဲမြို့အတွင်းရှိ ဘိလပ်မြေဆိုင်များကို ရောင်းဈေးနှင့် ပင်ရင်းဝယ်ဈေးများ သိရှိနိုင်ရေး လိုက်လံစစ်ဆေး

**မြစ်သား ဧပြီ ၂၃**

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အတွင်းရှိ ဘိလပ်မြေရောင်းသည့် ဆိုင်များကို ရောင်းဈေးနှင့် ပင်ရင်းဝယ်သည့် ဈေးများသိရှိနိုင်ရေးအတွက် ကူမဲမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။




ထိုသို့ စစ်ဆေးရာတွင် ကူမဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ မြစ်သားမြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မော်မော်အောင်နှင့် ဝန်ထမ်းများ၊ ကူမဲမြို့ ဒုစခန်းမှူး ဒုရဲအုပ် အောင်ဇော်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ကူမဲမြို့စည်ပင်သာယာရေးဈေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအေးမင်းထိုက်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကူမဲမြို့အတွင်းရှိဘိလပ်မြေရောင်းသည့်ဆိုင်များကို ရောင်းဈေးနှင့် ပင်ရင်းဝယ်သည့် ဈေးများအား သိရှိနိုင်ရေးအတွက် လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

**❒ မြန်မာအမျိုးသမီးလိဂ်မှ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် တိုက်စစ်မှူး မြတ်နိုးခင်၏ ဟက်ထရစ်ဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အဖွင့်လှခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၄၄၊ ၅၇၊ ၈၄ မိနစ်တို့တွင် မြတ်နိုးခင်၊ ၆၂ မိနစ်တွင် ခင်မိုမိုထွန်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၁)အပြီးတွင် သစ္စာအားမာန်အသင်း၊ ရှေ့ဝတီအသင်း၊ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် YREO အသင်းတို့ နိုင်ပွဲရယူခဲ့ပြီး မြဝတီ၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် Young Lionesses အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုရမည့်အပူဒဏ်အန္တရာယ်များ**

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

(မတ်လ၊ ၂၀၂၅)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၀၂၄/၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူးက သြဝါဒမိန့်ခွန်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေများနှင့် ဆန်အိတ်များ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကို(ငြိမ်း)က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးက စားသောက်ကုန်များကို ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နိုင်ဦး(ငြိမ်း)က လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကို(ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့သည်။




ထိုသို့ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ငွေကျပ် သိန်း ၃၀၀၊ ဆန်ငါးပြည်အိတ် ၂၀၀၀၊ ကြက်ဥ အလုံး ၃၀၀၀၊ ကြက်သွန်နီပိဿာ ၂၅၀၊ အာလူးပိဿာ ၃၀၀၊ စားသုံးဆီပိဿာ ၃၃၀နှင့် ခေါက်ဆွဲခြောက်ဖာ ၂၀ တို့ကို ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



## ကျွန်းလှမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ကျွန်းလှ ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ ကိုယ်ဝန်ဆောင်များကို ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရန်အတွက် သွေးပေါင်ချိန်ခြင်း၊ သန္ဓေသားအနေအထား မှန်မမှန်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ သွေးချို ဆီးချိုစစ်ဆေးပေးခြင်းများကို အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ မွေးစမှ နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

## ပုဇွန်တောင်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်း အခမဲ့ဖွင့်လှစ်

ပုဇွန်တောင် ဧပြီ ၂၃

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်း(အခမဲ့) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဟန်စုယဉ်က



အခြေခံ ကာတွန်းရေးဆွဲနည်း သင်တန်းဖွင့်လှစ် သင်ကြားပေးခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကာတွန်းဆရာ ဦးတင်ကိုခန့် (ကာတွန်းကိုခန့်) က ယခုသင်ကြားပေးသည့် အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းကို တက်ရောက်ကြသည့် ကျောင်းသူ ကျောင်းသားများအနေဖြင့် ကာတွန်းရေးဆွဲနည်းပညာကို အခြေခံမှစတင်၍ အလွယ်တကူ တတ်မြောက်သွားအောင် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း သင်တန်းကာလအတွင်း ပျက်ရက်မရှိ တက်ရောက်စေလိုကြောင်း ပြောကြားသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (အခမဲ့) ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်စုယဉ်**

## ကန့်ဘလူမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ကန့်ဘလူ ဧပြီ ၂၃

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



### အသိပညာပေးဟောပြော

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ကေ ၄၀၀ စိုက်ပျိုးပြီးစီး

မိတ္ထီလာ ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ကေ ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်



ဆည်ရေများဖြင့် နွေစပါးစိုက်ကေ ၄၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ပြီး ၎င်းလျာထားသတ်မှတ်ထားသည့်စိုက်ကေများ သတ်မှတ်လျာထားချက် ပြည့်မီရေးနှင့် ပန်တိုင်းအထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ၇၆ ဦးက ကွင်း သုံးကွင်းဖြင့် နွေစပါးစိုက်ပျိုးကေ ၁၉၀၊ ညောင်ကိုင်ကျေးရွာအုပ်စု ညောင်ကိုင်ကျေးရွာရှိ တောင်သူ ၂၇ ဦးက ကွင်း တစ်ကွင်းဖြင့် နွေစပါးစိုက်ကေ ၆၀၊ ကွက်ငယ်ကျေးရွာအုပ်စု ကွက်ငယ်ကျေးရွာရှိ တောင်သူ ၂၈ ဦးက ကွင်း နှစ်ကွင်းဖြင့် နွေစပါးစိုက်ကေ ၅၀ နှင့် ကန်နီကျေးရွာအုပ်စု မကျီးစုကျေးရွာတွင် တောင်သူ ၄၇ ဦးက ကွင်းနှစ်ကွင်းဖြင့် နွေစပါးစိုက်ကေ ၁၀၀ တို့ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မကွေးမြို့၌ နွေရာသီ တယောတီးခတ်မှုသင်တန်းဆင်းပွဲ ကျင်းပ



**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်လမ်းညွှန်မှုဖြင့် နွေရာသီကာလ အခြေခံတယောပညာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တယောတီးခတ်မှုသင်တန်း သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများက တယောဖြင့် သရုပ်ပြတီးခတ်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး သင်တန်းတွင် ဆုရရှိကြသူများနှင့် သင်တန်းနည်းပြများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက မကွေးမြို့ပေါ်ရပ်ကွက်များအတွင်း တယောတီးခတ်၍ ငလျင်ဘေးအတွက် အလှူခံရရှိခဲ့သည့် ငွေကျပ်သိန်း ၅၀ အား အဖွဲ့ခေါင်းဆောင်က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံပေးအပ်ခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခြေခံတယောသင်တန်းကို မေ ၃ ရက်မှ ၁၁ ရက်အထိ မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၉ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပြီး မကွေးမြို့တွင် နွေရာသီလူငယ်ရေးရာသင်တန်းများဖြစ်သော ကင်းထောက်၊ ယဉ်ကျေးလိမ္မာ၊ ကြက်ခြေနီ၊ ကွန်ပျူတာ၊ ပန်းချီ၊ အခမ်းအနားမှူး၊ အားကစားနည်း၊ ပန်းဖွား၊ ဘင်ခရာ၊ ကဗျာလွတ် အစရှိသည့်သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မောင်ညီညာ



(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်းရှိ မဟာသကျမုနိဘုရားရင်ပြင်တော်ပေါ်၌ မေ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

- **အင်တာနက် ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်း လောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# သဲကုန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**သဲကုန်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အခြေခံပညာ အထက်တန်းကျောင်း သဲကုန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် သင်တန်းနည်းပြဆရာ ဦးနိုင်လင်းအောင်က ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ဘုရားရှစ်ခိုးခြင်း ဆုတောင်းမေတ္တာပို့သခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း စသောဗုဒ္ဓ စာပေများကို ငယ်စဉ်ကတည်းကပင် သိရှိနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို မေ ၂၃ ရက်မှ ၂၆ ရက်အထိ သင်တန်းနည်းပြ ငါးဦးဖြင့် ကျောင်းသား ကျောင်းသူ ၅၀ အား ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၃**

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၂၆ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကင်းမူလတန်းကြိုကျောင်းနှင့် ချမ်းမြေ့အိမ် မူလတန်းကြို ကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မေ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် မေ ၂၈ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စိတ်အားသတ္တိ

ပီမိုးနှင်း

> “ မိမိဘာသာ တစ်ကိုယ်တည်း လူကောင်းလုပ်၍နေရန် များစွာလွယ်ကူ၏။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်မှာ သူတော်ကောင်းဖြစ်ဖို့မခက်ပေ။ အဟုတ်တကယ် မခံချင်အောင် ပြုမူခြင်းခံရသောအခါကျမှ သူတော်ကောင်းအလုပ်မလွယ်ကြောင်း သိရလေသည်။
>
> မနိုင်၍ သည်းခံရခြင်းသည်လည်း လွယ်ကူ၏။ နိုင်လျက် သည်းညည်းခံမှ အမှန်သူတော်ကောင်းဖြစ်လေရာ ထိုစိတ်ကိုမနိုင်သူ၏ဘဝသည် လွန်စွာဆင်းရဲ၍ ထိုစိတ်ကို နိုင်သူ၏ဘဝမှာ ရေချမ်းအိုးကိုနှလုံးပိုက်၍ထားရသည့်အလား လွန်စွာမှ ချမ်းသာလေသည် ”

(၁၃-၃-၂၀၂၅ ရက်နေ့မှအဆက်)

“ဇာမနီမျိုး - အမွေးတစ်ချောင်းကျွတ်မခံ” ဟူသောစကားသည် တောကြိုအုံကြားအရပ်များမှာ သာလွန်၍ ကြားရလေသည်။ အများအားဖြင့် လူတို့စိတ်မှာ ဘယ်သူ၊ ဘယ်စကားကို ပြောလိုက်တာ၊ ဘယ်လိုစောင်းလိုက်တာပဲဟူသော အသိမျိုး၌ အပါးအနပ်၊ အလိမ္မာဟုမှတ်ထင်ကာ ဂုဏ်ပြုကြလေသည်။ အမှတ်မဲ့နေတတ်သူတို့အား အထူအအ နလပိန်းတုံး အသုံးမကျ ပြောကြလေသည်။

၎င်းတို့၏စိတ်မှာ တစ်ဖက်သားပြောသမျှ ပြုမူသမျှ၌ အထအနကောက်လျက် အမြဲအားဖြင့် မကောင်းသော အလွဲအဓိပ္ပာယ်တို့ကိုသာ ကောက်ယူတတ်ကြလေသည်။

အကြောင်းမူကား အခါများစွာ သဘောရိုး ပြောဆိုပြုမူသူများမှာ အထင်လွဲခြင်းခံကြရလေသည်။

ဘာလုပ်ခံနေရသလဲ၊ ဒင်းက ဒီလိုပြောရင် ဟိုလိုပြန်ပြောလိုက်ပါလား၊ ဘယ်တော့မှ အညံ့မခံနဲ့ဟူသောစကားမျိုးဖြင့် ကလေးများစိတ်ကို အဆိပ်ဖြစ်အောင် ပြုကြလေသည်။

သို့ပြုကြသဖြင့် မြန်မာပြည်မှာ ရာဇဝတ်မှုများ၍ နေခြင်းဖြစ်လေသည်။ အမေရိကတိုင်း၌ ရာဇဝတ်မှုများသော်လည်း ကျူးလွန်သူများသည် ဤနည်းမျိုးနှင့် ကျူးလွန်ခြင်းမဟုတ်၊ ရပေါက်ရလမ်းအတွက် ရာဇဝတ်မှုတို့ကို ကျူးလွန်ကြလေသည်။

ထိုစိတ်သည် လွန်စွာဆင်းရဲစေ၏။ မိမိနှင့် အဖက်မတန်အောင် နိမ့်ကျသူတစ်ယောက်ယောက်က မခံချင်အောင်ပြုသည့်အခါ မလေးမစား မနေတတ်ခြင်း၊ လျစ်လျူမရှုခြင်းကြောင့် စိတ်ပင်ပန်းရုံမက ဣန္ဒြေပျက်ကြရလေသည်။

မိမိဘာသာ တစ်ကိုယ်တည်း လူကောင်းလုပ်၍ နေရန် များစွာလွယ်ကူ၏။ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်မှာ သူတော်ကောင်းဖြစ်ဖို့မခက်ပေ။ အဟုတ်တကယ် မခံချင်အောင် ပြုမူခြင်းခံရသောအခါကျမှ သူတော်ကောင်းအလုပ်မလွယ်ကြောင်း သိရလေသည်။ သတ္တဝါအပေါင်းတို့၏ အပေါ်၌မေတ္တာစိတ်ကိုထားနိုင်၏။ မိမိ၏အကြောင်းကို တရားသဖြင့်ပြောသော ဆွေမျိုးသားချင်း၊ အဟုတ်တကယ် မုန်းစရာကောင်းအောင် ပြုမူကျင့်သော ဆွေမျိုးတစ်ယောက်နှင့် တကယ်တွေ့သည့်အခါ ပါးကိုဖိနပ်နှင့်ရိုက်ချင်သောစိတ် ထောင်းခနဲပေါ်၍ အလာမှာ တကယ်စိတ်ကိုချုပ်ပြီး အလကားဟာပဲလေ အရေးမယူလောက်ပါဘူးဟူသောစိတ်ကို ထားဖို့ရန်ကား လွယ်သောအရာမဟုတ်ပေ။ မနိုင်၍ သည်းခံရခြင်းသည်လည်း လွယ်ကူ၏။ နိုင်လျက် သည်းညည်းခံမှ အမှန်သူတော်ကောင်းဖြစ်လေရာ ထိုစိတ်ကို မနိုင်သူ၏ဘဝသည် လွန်စွာဆင်းရဲ၍ ထိုစိတ်ကို နိုင်သူ၏ဘဝမှာ ရေချမ်းအိုးကိုနှလုံးပိုက်၍ ထားရသည့်အလား လွန်စွာမှ ချမ်းသာလေသည်။

ဤစိတ်တို့သည် အမြဲကပ်၍ ရှို့မြိုက်လောင်ကျွမ်းစေသော ငရဲမီးတွေဖြစ်ကြလေသည်။

ထိုစိတ်သည် မနိုင်နိုင်သောစိတ်မဟုတ်ပေ။ လေ့ကျင့်လျှင် နိုင်နိုင်လေသည်။ ထိုစိတ်ကိုနိုင်သော နှလုံးသည် တန်ခိုးရောင်ခြည် အမြဲဖြာလျက် မျက်နှာမှာပင် ထွန်းလင်း၍နေတတ်လေသည်။ ထိုပုဂ္ဂိုလ်၏ အကြံအစည်များ၌ စိတ်၏တန်ခိုးသည် အတားအဆီး အပိတ်အဆို့မရှိသော ရေပြွန်မှရေသည် အဟုန်နှင့် ထွက်သည့်အလား အခိုးအရှိန်ကြီးမားလျက် သကြားစက်၊ ရေခဲစက်၊ ဂျုံစက်၊ ဓာတ်အားစက်ကြီးများကိုပင် မောင်းနှင်နိုင်သော ရေဟုန်နှင့်တူလေသည်။ ထိုစိတ်ကို မနိုင်သူတို့မှာ တန်ခိုးအရှိန်အဝါ ဖြောင့်စွာမထွက်နိုင်သဖြင့် အစွမ်းသတ္တိညံ့ဖျင်း မှေးမှိန်ရုံမက ဒေါသမီး၊ ဒေါသခိုးများ ပိတ်ဆို့ကာရံ၍ နေသဖြင့် မှောင်ကျလျက်ရှိသောကြောင့် သတ္တိတန်ခိုးထွက်ပေါ်ခြင်းမှာ လမ်းမဖြောင့်ဘဲရှိနေလေသည်။ မနာလိုခြင်း၊ မုန်းခြင်း၊ မခံချင်ခြင်း၊ နှမြောခြင်း ဤစိတ်တို့ ကင်းစေရမည်။

ဤကား နားထောင်၍ကောင်းအောင် ရေး၍ ထားသော တရားစကားမဟုတ်၊ မကောင်းသော (Emotion) စိတ်တို့သည် အသွေးအသား အာရုံကြောများ၌ အဆိပ်ဓာတ်နှင့်တူသော အလေး၊ အမှိုက်၊ အညစ်အကြေးများတို့ကို အဟုတ်ဖြစ်စေကြောင်း လောကဓာတ်၊ ဓာတုဗေဒနည်းဖြင့် စမ်းသပ်တွေ့ရှိပြီးဖြစ်လေသည်။

ကျွန်ုပ်တို့မြန်မာလူမျိုးမှာ မနောကံကို ထိန်းကြပ်ချုပ်တည်း၍ မရနိုင်ဟုစွဲမှတ်ကာ ထားတတ်ကြ၏။ စင်စစ်မှာ စိတ်ကိုနိုင်အောင် ထိန်းခြင်းအလုပ်၌ လေ့ကျင့်ခန်းမရှိသောကြောင့် ဤမျှသောအယူကို စွဲ၍နေကြလေသည်။ အလေ့ရှိသောအခါ ခက်ခဲခြင်းမရှိပေ။ ကိလေသာ၊ ကာမဂုဏ်စိတ်ကိုပင် ချုပ်တည်းလျှင်ရနိုင်ကြောင်း ယောဂီများနှင့် မိန်းမတွဲ၍ ကရာ၌ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ စိတ်ထားပုံကို ထောက်သဖြင့် သိနိုင်လေသည်။

အတွေ့ကို မရှောင်နိုင်ဟူသောစကားသည် မမှန်စကားဖြစ်ကြောင်း ခါးမကူးဆရာတော် သက်သေပြခဲ့လေသည်။ ၎င်းပုဂ္ဂိုလ်မှာ လုံးလုံး မရှောင်ခဲ့သော်လည်း အရှောင်ဘက်အနိုင်ဘက်မှာ ပို၍များလေသည်။ ဆီဦးထောပတ်ကို မှီဝဲနိုင်သော ဘုန်းကြီးသောပုဂ္ဂိုလ်လည်းဖြစ်၏။ တွေ့ရသော အချိန်မှာ ကာမဂုဏ်ကို အထူးနိုးကြွစေသောအချိန် နှင့် အခြေအနေလည်းဖြစ်၏။ အဘယ်အခါမျှ မတွေ့ရသဖြင့် မွတ်သိပ်ပူလောင်၍ နေသည်လည်းမှန်၏။ သို့ပါလျက် အဆုံးကိုရှောင်နိုင်ခဲ့သည်မှာ လူသည် မိမိ၏စိတ်ကိုထိန်းနိုင်သော တန်ခိုးသတ္တိနှင့် ကောင်းစွာပြည့်စုံကြောင်း ထင်ရှားသောသက်သေဖြစ်လေသည်။

ပစ္စည်းဆုံးပါးသည့်အခါ နှမြော၍ ဤလောကမှာ မဆုံးပါးမပျက်စီးသူမရှိ။ ရှာကြဖွေကြရခြင်းမှာ ကုန်ကျဆုံးပါးဖို့အတွက်သာ ဖြစ်သည်ဟူသော ဆင်ခြင်နည်းဖြင့် ဖြေဖျောက်တတ်သောအကျင့်ကို ရသောအခါ စီးပွားပျက်၍ ဥစ္စာရှုံးမဖြစ်နိုင်ပေ။ အလဟဿကုန်တာမို့ နာကြည်းတာပဲဟူသော စကားကိုလည်း ပြောတတ်ကြလေသည်။ ကုန်ခြင်းသာပဓာနပဲ။ ရှင်ဘုရင်များသော်မှ နန်းကျကြသေးတာပဲ။ ငါလူကောင်း၊ လူချမ်းသာဟု ငါ့ကိုယ်ကိုစွဲမှတ်ပြီး ဒီလို နှမြောနေခြင်းဟာ လူကောင်းလူချမ်းသာဖြစ်ခြင်း ဖီလာကြီးပဲ။ နှမြောလို့ ပြန်ရဦးမှာလား မရနိုင်သောအရာကို ဘယ်အတွက် နှမြောခြင်း ပြေပျောက်ရပါသလဲဟူသော နည်းမျိုးနှင့်ဖြေလျှင် နှမြောခြင်းပြေပျောက်ကာ လောကနိဗ္ဗာန်လေး တစ်ပိုင်းကိုရသည်နှင့်တူလေသည်။ ထိုပုဂ္ဂိုလ်မျိုး၏ သုခစည်းစိမ်သည် နှမြောသူများမသိ မတွေ့မခံစားရသော ထူးမြတ်သောစိတ်၏ စည်းစိမ်ဖြစ်လေသည်။

(ကြီးပွားချမ်းသာ စိတ်ပညာမှ)

# လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို (ဘောဂဗေဒ)

(၁၃-၃-၂၀၂၅ ရက်နေ့မှအဆက်)

ကျွန်တော်က ခင်ဗျားတို့ကို မြှောက်ဖို့ အားပေးနေသည်မဟုတ်ပါ။ ထိုအကြံမျိုးကိုမပေးဘဲ နည်းကောင်းလမ်းကောင်းတစ်ခုအကြောင်းကိုသာ ပြောနေခြင်းဖြစ်ပါသည်။

ဘတ်ကင်ဟမ်နန်းတော် စာကြည့်ခန်းထဲ၌ ပဉ္စမမြောက် ဂျော့ဘုရင်သည် ဆောင်ပုဒ်ခြောက်ခုကို ရေးဆွဲထားသည်။ တစ်ခုတွင် “အပေါစားမြှောက်လုံးများဖြင့် မြှောက်ရန်သော်လည်းကောင်း၊ သူတစ်ပါးမြှောက်သည်ကို လက်ခံရန်သော်လည်းကောင်း ကျွန်ုပ်အား သင်ကြားမပေးပါနှင့်”ဟု ရေးထားသည်။

“မြှောက်ပင့်ခြင်းသည် အမြှောက်ခံရသူက သူ့ကိုယ်သူထင်နေသည့်အတိုင်း တိတိကျကျပြောခြင်းဖြစ်သည်” ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုရှိသည်။ ရပ်အိမာဆန်ကလည်း “သင်ဘာအကြောင်းပဲပြောပြော ကိုယ့်အကြောင်းကလွဲ၍ တခြားဘာအကြောင်းမှမဖြစ်နိုင်” ဟု ပြောပြဖူးသည်။

တခြား ဘာမျှလုပ်နေစရာမလိုဘဲ မြှောက်ပေးရုံဖြင့် အောင်မြင်ကြစတမ်းဆိုလျှင် ကျွန်တော်တို့အားလုံး လူမှုဆက်ဆံရေးပါရဂူတွေ ဖြစ်ကုန်ကြမည်။ အများအားဖြင့် ကျွန်တော်တို့သည် ပြဿနာတစ်ခုအကြောင်းကို တိတိကျကျ စဉ်းစားမနေသည့်အခါ ကျွန်တော်တို့အချိန်များ၏ ကိုးဆယ့်ငါးရာခိုင်နှုန်းလောက်တွင် ကိုယ့်အကြောင်းကိုယ်သာ စဉ်းစားနေတတ်ကြသည်။ ကိုယ့်အကြောင်း ကိုယ်တွေးတာတွေ ခဏမျှရပ်ပြီး အခြားသူများ၏ ကောင်းကွက်ကို စတွေးကြည့်ပါ။ ထိုသို့ တွေးကြည့်လျှင် အပေါစား မြှောက်ပင့်မှုတွေကို လုပ်တော့မည်မဟုတ်ပါ။

နေ့စဉ်နေ့တိုင်း ကျွန်တော်တို့ တွေ့ကြုံနေရသော ဘဝထဲ၌ အသိအမှတ်ပြုဖို့၊ ချီးကျူးဖို့ မေ့နေတတ်ကြသည်။ သားငယ်၊ သမီးငယ် တစ်ယောက်က ကျောင်း၌ အမှတ်ကောင်းကောင်းရလာခဲ့လျှင်လည်း မချီးကျူးကြ မုန့်တစ်လုံး ဖုတ်တတ်၊ ငှက်အိမ်လေးတစ်လုံး အောင်အောင်မြင်မြင် လုပ်တတ်သည့်အခါများ၌လည်း မချီးကျူးကြ။ မိဘများ၏ အားပေးမှု၊ ထောက်ခံမှု၊ ချီးကျူးမှုလောက် ကလေးတွေ နှစ်သက်သည့် အရာဟူ၍မရှိ။

ဆိုင်တွင် အစားအသောက်တစ်ခုကို ခံတွင်းတွေ့သည့်အခါ စားဖိုမှူးကို ချီးကျူးပါ။ ပင်ပန်းနွမ်းနယ်နေသည့် အရောင်းသမားတစ်ယောက်က ထူးထူးဆန်းဆန်း ယဉ်ကျေးပြ ရှိသေပြနေလျှင် နှုတ်က ထုတ်ဖော်ချီးကျူးပါ။

ဝန်ကြီးများ၊ ကထိကများ၊ ဟောပြောသူများသည် သူပြောသမျှထဲက တစ်ခုမျှ အချီးကျူးမခံရသည့်အခါ ဘယ်လောက်ထွက်ပြေးချင်စရာကောင်းသည်ကို သိကြသည်။ ရုံးခန်းများ၊ ဆိုင်ခန်းများ၊ စက်ရုံများ၊ မိသားစုများနှင့် မိတ်ဆွေများသည်လည်း ထို့အတူပင်ဖြစ်သည်။ ကျွန်တော်တို့၏ လုပ်ဖော်ကိုင်ဖက်များသည် လူသားများဖြစ်ပြီး အသိအမှတ်ပြုခံချင်ကြ၊ ချီးကျူးခံချင်ကြသောသူများဖြစ်ကြောင်း မမေ့ပါနှင့်။ လူအားလုံးသဘောတွေ့အောင် ချီးကျူးစကားများက လုပ်ပေးနိုင်သည်။

နေ့စဉ် တွေ့ကြုံရသမျှ ကျေးဇူးသိကြောင်း၊ ကျေးဇူးကိုတုံ့ပြန်ကြောင်းပြသပါ။ နောက်တစ်ကြိမ်ပြန်ဆုံသည့်အခါ သူတို့တစ်တွေ၏ အမူအရာ သိသိသာသာပြောင်းလဲနေကြောင်း တွေ့ရပါမည်။

ကွန်နက်တီကပ်ပြည်နယ် နယူးဖဲယားဖီးလ်ဝဲက ပင်မလာဒန်ဟင် ၏ တာဝန်တစ်ခုမှာ လုပ်ရည်ကိုင်ရည်ညံ့လှသော အိမ်စောင့်တစ်ယောက်အား ကြီးကြပ်ရန်ဖြစ်သည်။ အခြားသောဝန်ထမ်းများက ထိုပုဂ္ဂိုလ်ကို အော်ကြ ငေါက်ကြ၊ လမ်းမတွင် အမှိုက်ပစ်ကြလုပ်ကာ ကဲ့ရဲ့ရှုတ်ချကြသည်။ ဤသို့ဖြင့် တန်ဖိုးရှိသောအချိန်များ အလဟဿဆုံးရှုံးရသည်။

ပင်မလာက ထိုသူစိတ်ပြောင်းရန် နည်းမျိုးစုံသုံး၍ ကြိုးစားသော်လည်းမအောင်မြင်။ တစ်ခါတစ်ရံ တချို့အလုပ်များကို သေသေချာချာ လုပ်တတ်ကြောင်း သူက သတိထားမိသည်။ ထိုအခါမျိုး၌ သူက လူအများရှေ့တွင် ချီးကျူးလေ့ရှိသည်။ ချီးကျူးမှုကို မကြုံစဖူး ကြုံရသည့်အခါ သူက အလုပ်ကို ဂရုတစိုက်လုပ်လုပ်လာသည်။ တစ်နေ့လျှင် နည်းနည်းချင်း နည်းနည်းချင်း ပြောင်းလဲလာရာ နောက်ဆုံး၌ သူ့အလုပ်ကို ကျကျနန သွက်သွက်လက်လက် လုပ်တတ်လာသည်။ အခြားသူများကလည်း သူ့ကိုဝိုင်းဝန်း၍ ချီးကျူးကြ၊ အသိအမှတ်ပြုကြသည်။ ဝေဖန်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းတို့က အောင်မြင်အောင် မတတ်နိုင်သည့်ကိစ္စများကို ရိုးရိုးသားသား အသိအမှတ်ပြုရုံ၊ ချီးကျူးရုံမျှဖြင့် ပြောင်းလဲပစ်နိုင်သည်။

လူများကို ထိခိုက်နာကျင်အောင်လုပ်ခြင်းဖြင့် ပြောင်းလဲမပစ်နိုင်ပါ။ ကျွန်တော့်မှန်ပေါ်တွင် ကပ်ထားသော စာတန်းလေးတစ်ခုရှိသည်။ “ဘယ်သူ့မဆို ငါလုပ်နိုင်တာ၊ ငါကြင်နာစရာကို ချက်ချင်းလုပ်ပေးမည်။ ချက်ချင်းကြင်နာကြောင်း ပြသမည်။ ဘာအကြောင်းကြောင့်မှ နှောင့်နှေးကြန့်ကြာမနေ။ တစ်ခါသာ မေ့စေရမည်။ နှစ်ခါ မမေ့စေရ”

အီမာဆင်က “ကျွန်ုပ် တွေ့သမျှလူတိုင်းသည် တစ်နည်းမဟုတ်တစ်နည်း ကျွန်ုပ်ထက်သာသောလူများဖြစ်သည်။ ဤနည်းဖြင့် သူတို့အကြောင်းကို ကျွန်ုပ်လေ့လာဆည်းပူးသည်”ဟု ပြောပြသည်။ အီမာဆင်လို ပညာရှိကပင် ထိုသို့ပြောရသေးလျှင် ကျွန်တော်တို့တစ်တွေအတွက် တွေ့သမျှ လူအားလုံးသည် ကိုယ့်ထက်သာသောသူတွေချည်း ဖြစ်မည်။ ကိုယ်လိုချင်တာတွေ၊ ကိုယ်အောင်မြင်တာတွေကိုချည်း မတွေးပါနှင့်။ တစ်ပါးသူ၏ ကောင်းကွက်တွေကိုတွေးပါ။ မမြှောက်ပင့်ပါနှင့်၊ ရိုးရိုးသားသား ချီးကျူးပါ။ သင့်စကားကို သင်မေ့လျှင်ပင် သူတို့ မေ့မည်မဟုတ်။

“ရိုးရိုးသားသား ချီးကျူးပါ”

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁အရ PC PRINCE CONSULTANCY COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း.

PC PRINCE CONSULTANCY COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| | |
|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - ၂၀၂၅ ခုနှစ်၊ မေလ(၃၁)ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - နံနက် ၁၀:၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - ကုမ္ပဏီရုံးခန်း |

PC PRINCE CONSULTANCY COMPANY LIMITED ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက် ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER-00230)**
**PC PRINCE CONSULTANCY COMPANY LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်-၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5098942, 09-795921932**

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁အရ 1788 ENTERPRISE LTD အားအစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍နောက်ဆုံးအစည်း အဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

1788 ENTERPRISE LTD ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | |
|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - ၂၀၂၅ ခုနှစ်၊ မေလ(၃၁)ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - နံနက် ၁၀:၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - ကုမ္ပဏီရုံးခန်း |

1788 ENTERPRISE LTD ၏စာရင်းများကိုပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများတင်ပြကာကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်း သွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER-00230)**
**1788 ENTERPRISE LTD**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်-၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5098942, 09-795921932**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၅၃)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၃ ၁/၂)ထပ်၏ ဒုတိယထပ်(အောက်ခြမ်း)၊ အကျယ်အဝန်း(အလျား ၁၁ ပေ x အနံ ၄၇ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဦးတင်ဝင်း[၁၂/ဒပန(နိုင်)၀၂၃၈၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးထက်ထက်လှိုင်[၁၂/ဒပန(နိုင်)၀၆၂၃၉၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူ မဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်(၅၃၈)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၆၀) ပေx အနံ (၄၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်ထွန်း(ဘ) ဦးထွန်းလှိုင်[၁၂/သဃက(နိုင်)၁၇၁၂၁၀] အမည်ပေါက်ပါမစ် မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်အား စာချုပ်အဆက်စပ်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စံရှားတင်(ဘ)ဦးဘကျင်[၈/နမန(နိုင်)၀၆၃၈၉၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးစိုးထွန်း (ဘ)ဦးကြည်မောင်[၉/ပဘန(နိုင်)၁၅၆၉၇၇]ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL-101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၈/၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃/၁၇)** |
| **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆** |

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၃) (၁/၂၀၂၅-၂၀၂၆) Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့မှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ဝယ်ယူလိုသည့် ပစ္စည်းများ | - Ready Mixed Concrete, Bentonite၊ ဒီဇယ်ဆီ၊ သဲ၊ Chipping၊ သစ်၊ ဘိလပ်မြေ |
| (ခ) | သယ်ယူပို့ဆောင်ခြင်း လုပ်ငန်း | - သံချောင်းသယ်ပို့ခြင်း |

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - ၅-၅-၂၀၂၅ရက် (တနင်္လာနေ့) |
| ၃။ | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - ၂၆-၅-၂၀၂၅ရက်(တနင်္လာနေ့) မွန်းတည့် (၁၂)နာရီ |
| ၄။ | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - ၂၇-၅-၂၀၂၅ရက်(အင်္ဂါနေ့)၊ နံနက်(၁၀:၀၀)နာရီ |
| ၅။ | တင်ဒါဖွင့်လှစ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်ရုံး၊ မြိတ်မြို့။ |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
(ဖုန်း-၀၉-၄၂၂၁၉၉၄၉၅၊ ၀၉-၂၅၇၆၀၂၉၇၈၊ ၀၉-၉၇၃၀၇၇၁၇၃၊ ၀၅၉-၂၀၄၂၀၁၄)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ကျောင်းရွာအုပ်စု၊ မအူပင်မြို့နယ်နေ ဦးလင်းလင်းဦး [၁၄/မအပ(နိုင်)၁၈၆၂၂၂]၊ ဒေါ်စုစုခိုင် [၁၂/ကမတ(နိုင်)၀၆၃၃၁၆၆] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလင်းလင်းဦးနှင့် ဒေါ်စုစုခိုင်တို့၏သားဖြစ်သူ မောင်သူရချမ်းမြေ့ဦး [၁၄/မအပ(နိုင်)၃၇၃၂၂၅]ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားကာ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက် ( L.L.,B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၁၀) (၂၅-၁၁-၂၀၂၁)**
**အမှတ်(၂၁၅)၊ ဒုတိယထပ်၊ (၃၆)လမ်း(အထက်)**
**ကျောက်တံတားမြို့နယ်။ Ph: 09-891865417**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်းနှင့် မာန်ပြေ(၇) လမ်းထောင့်၊ အမှတ်(၂၈၀)၊ (၂)ခန်းတွဲ(၈)ထပ်ခွဲတိုက်၏အခန်းအမှတ် (B-5)(စတုတ္ထထပ်)၊ အကျယ်အဝန်း (၁၉ x ၅၄)ပေရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ တိုက်ခန်းကိုပိုင်ဆိုင်သူ ဒေါ်နှင်းအေးအေးထွန်း[၁၂/အစန(နိုင်)၀၆၇၉၈၉] မှ အဆိုပါတိုက်ခန်းအား လွှတ်လပ်စွာစီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုမင်း[၁၂/ဒဂတ(နိုင်)၀၇၉၅၂၆]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးအောင်ကိုမင်း** | **ဒေါ်ဝင်းဝင်းခိုင် (LLB)** |
| **ဖုန်း-၀၉-၄၂၀၀၀၃၁၂၆** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၈၁၇)** |
| | **အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉** |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးလင်းဦး [၉/ညဥန (နိုင်) ၁၁၃၈၆၈] ပိုင်ဆိုင်သော (သံ - ၁၆၀၆၊ CBR-0139) တွဲယာဉ်မှ လုပ်ငန်းလိုင်စင် စာအုပ်အမှတ် ရညန၊ လငလစ၊ ဖဟ/ က-၈/ ၀၆၂၆ နှင့် ပတ္တမြားမိုး (၃) 15107 ရေယာဉ်မှ လုပ်ငန်းလိုင်စင်စာအုပ်အမှတ် ရညန/ လငလစ/ ဗဟ/ က-၄/ ၁၉၅၆ တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးစိုးလင်းဦး**
**ဖုန်း - ၀၉ -၄၂၈၆၂၂၄၂၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-၂၀၈၊ ဧရိယာ(၀.၀၁၄)၊ ဧက၊ မြေကွက်တည်နေရာအမှတ်-၂၀၈၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစိုးသိန်း[၁၂/ဒပန(နိုင်)၀၂၃၇၀၈]အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးသိန်း[၁၂/ဒပန(နိုင်)၀၂၃၇၀၈] (ဖခင်)သည်(၂၅-၂-၂၀၁၆)ရက်နေ့ တွင်လည်းကောင်း၊ ဒေါ်ရီရီသန်း (မိခင်)သည် (၁၈-၁၂-၂၀၂၀)ရက်နေ့ တွင်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ဝတ်ရည်စိုး[၁၂/ဒပန(နိုင်)၀၅၆၂၅၉]မှ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောသား/သမီး၊မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစား အမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ ဦးစိုးသိန်း၊ ဒေါ်ရီရီသန်းတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာ တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရခိုင်ပြည်နယ်လွှတ်တော်ရုံး စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်လွှတ်တော်ရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား/ တိုင်းရင်းသား လုပ်ငန်းရှင်/ ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| (က) | ဘက်စုံသုံးခန်းမ မျက်နှာကြက်ပြုပြင်ခြင်း |
| (ခ) | ဘက်စုံသုံးခန်းမ ကြမ်းခင်းပြုပြင်ခြင်း |
| (ဂ) | ဘက်စုံသုံးခန်းမ မီးလိုင်းတပ်ဆင်ခြင်း |
| (ဃ) | ဧည့်ရိပ်သာ အကြီးစားပြင်ဆင်ခြင်း |
| (င) | ဘက်စုံသုံး ခန်းမနောက်ခံ နံရံပြုပြင်ခြင်း၊ ရေပိုက်လိုင်း၊ အိမ်သာ၊ လှေကားနှင့် လက်ရန်း ပြုပြင်ခြင်းလုပ်ငန်းများ |
| (စ) | ဧည့်ရိပ်သာ မီးလိုင်းနှင့်စားသောက်ခန်းမ မီးလိုင်း တပ်ဆင်ခြင်း |
| (ဆ) | ဧည့်ရိပ်သာ၊ လွှတ်တော်ရုံး၊ ဘက်စုံသုံးခန်းမ မိုးကြိုးလွှဲ တပ်ဆင်ခြင်း |
| (ဇ) | လွှတ်တော်ရုံးအကြီးစားပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်း |
| (ဈ) | ဘက်စုံသုံးခန်းမ ဆိုလာစနစ်တပ်ဆင်ခြင်း |
| (ည) | 500 KVA မီးစက်အကြီးစားပြင်ဆင်ခြင်း |

၂။ တင်ဒါလျှောက်လွှာများအား ၂၃-၄-၂၀၂၅ ရက်နေ့မှ ၆-၅-၂၀၂၅ ရက်နေ့ (၁၆:၃၀)နာရီ အချိန်အထိနောက်ဆုံးထား၍ ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၂၅ ရက်နေ့မှ၆-၅-၂၀၂၅ ရက်နေ့ (၁၆:၃၀)နာရီအချိန်အထိနောက်ဆုံးထား၍ ပြန်လည်တင်သွင်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာများအား ဖွင့်ဖောက်စစ်ဆေးသွားမည့်နေ့ရက်များကို ထပ်မံအသိပေး အကြောင်းကြားသွားပါမည်။
၄။ တင်ဒါလျှောက်ထားမှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၉၂၆၅၇၃၂၂၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာ၊ ဖွံ့ဖြိုးရေးလမ်းမကြီး၊ မြေကွက်အမှတ်(၁၁၁)ဟု ခေါ်တွင်သည့် ၂၀၁၂ ခုနှစ် (မြေငှား)၊ အမှုတွဲအမှတ်-သလ(စီမံကိန်း)မြတ်ရတနာ- ၂၁၆/၂၀၁၂ အရ ဒေါ်နန္ဒာအေး (ဘ) ဦးမောင်အေး အမည်ပေါက် ဧရိယာ (၀.၀၆၂) ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစည်သူအောင်(ဘ) ဦးသန်းစိုး [၁၂/အလန(နိုင်)၀၃၄၈၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကောင်းမြတ်ကျော်(ဘ)ဦးတင်အေး [၁၂/မဂတ(နိုင်)၀၇၈၀၂၇] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၈၉၄၉/၂၀၁၃)** | **(စဉ် - ၉၇၃၄/၂၀၁၄)** |
| **၀၉ - ၄၂၀၅၃၁၁၀** | **၀၉ - ၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ်(၁၈)ဟု ခေါ်တွင်သော ၅၂ ပေ x ၁၀၅ ပေအကျယ်အဝန်းရှိ မြေအား ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ်(၁၈)၊ မြေပြင်အကျယ်အဝန်း (မျက်နှာစာ ၅၂ ပေ ၁ လက်မ၊ အနောက်ဘက် ၇၇ ပေ ၆ လက်မ၊ ဘယ်ဘက် ၁၀၄ ပေ ၆ လက်မ၊ ယာဘက် ၈၂ ပေ ၇ လက်မ)ရှိ ခြံမြေကို ဦးမြတ်ကိုကို [၁၂/ဒဂန(နိုင်)၀၁၄၄၄၇]နှင့် ဒေါ်နွယ်နီနိုင် [၁၂/ဒဂန(နိုင်)၀၁၅၄၅၁]တို့မှ ၎င်းတို့ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အထက်ဖော် ပြပါခြံမြေ၏ တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဒေါ်ကြူကြူမာ (LL.B) (စဉ်-၁၃၉၇၃)** | **ဦးချမ်းမြေ့သူ (LL.B) (စဉ်-၅၁၁၉၀)** |
| **ဒေါ်ခင်သီတာအောင် (LL.B) (စဉ်-၁၇၄၉၈)** | **ဒေါ်မြတ်စုခိုင် (LL.B) (စဉ်-၅၁၂၇၄)** |

**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် - ၂၈-၄-၂၀၂၅ရက်နေ့(၉:၃၀)နာရီ

တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် - ၅-၅-၂၀၂၅ရက်နေ့(၁၄:၀၀)နာရီ

တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ - ၈-၅-၂၀၂၅ရက်နေ့(၉:၃၀)နာရီ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချောက်မြို့နယ်၊ ချောက်မြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ချောက်မြို့ (၀၉-၄၀၁၅၆၂၇၈၀၊ ၀၆၁-၂၂၀၀၆၂၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် - ၂၈-၄-၂၀၂၅ရက်နေ့(၉:၃၀)နာရီ

တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် - ၅-၅-၂၀၂၅ရက်နေ့(၁၄:၀၀)နာရီ

တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ - ၈-၅-၂၀၂၅ရက်နေ့(၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ အောင်လံခရိုင်၊ အောင်လံမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ အောင်လံမြို့ ဖုန်း(၀၆၉-၂၂၀၁၅၆၈၊ ၀၉-၄၂၈၀၀၆၀၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်းနှင့် ညီအစ်ကိုမောင်နှမများနှင့် မသက်ဆိုင်တော့ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ အမှတ်(၁၇၆)၊ သန္တာ(၁၂)လမ်းနေ ဒေါ်အေးအေးသက်[၁၂/ဥကမ(နိုင်)၁၀၁၈၅၈]၏ သမီးဖြစ်သူ ဒေါ်ဇင်မာထက်[၁၂/ဥကမ(နိုင်)၂၂၁၂၀၇] ကိုင်ဆောင်သူသည် မိဘနှင့်ညီအစ်ကိုမောင်နှမများကို လုံးဝ မငဲ့ညှာဘဲ မိသားစုစိတ်ဆင်းရဲစေသောကိစ္စရပ်အား အကြိမ်ကြိမ် အခါခါ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက် သော ငွေကြေးကိစ္စအရှုပ်အရှင်းများ၊ လူမှုရေးကိစ္စအရှုပ်အရှင်း များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်အေးအေးသက်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)

### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

### ၂၀၂၄ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၂

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်ဝင်းမာထွန်း

(၎င်း၏ကိုယ်စား ဦးစန်းအောင်)

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၄၆၀)နေ ဒေါ်ဝင်းမာထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြွေးဝယ်ကတ်(Credit Card)ချေးငွေရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ (၁၂) ရက် (၁၃၈၇ - ခုနှစ်၊ ကဆုန် လဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၁:၀၀)နာရီတွင် အထက်အမည်ပါသူတို့သည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နွဲ့ယဉ်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ အတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့်လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် - ၂၈-၄-၂၀၂၅ရက်နေ့(၉:၃၀)နာရီ

တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် - ၅-၅-၂၀၂၅ရက်နေ့(၁၄:၀၀)နာရီ

တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ - ၈-၅-၂၀၂၅ရက်နေ့(၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့၊ ရုံးဖုန်း(၀၉-၄၃၀၅၈၂၀၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်စဉ်-၁ /၂၀၂၅-၂၀၂၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင် လက်အောက် မြို့နယ်များတွင် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက် မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ အား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူပြီး(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလို ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၅-၂၀၂၅ မှ ၁၅-၅-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း)

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၅-၂၀၂၅ ရက်၊ (၁၁:၀၀)နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၅-၂၀၂၅ ရက်၊ (သောကြာနေ့)၊ (၁၃:၀၀)နာရီ

တင်ဒါဖွင့်မည့်နေရာ - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူ လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဦးစီး ဌာန၊ ဟင်္သာတခရိုင် ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံးနှင့် မြို့နယ်ဦးစီး အရာရှိရုံးများတွင်(၉-၅-၂၀၂၅)ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ဟင်္သာတခရိုင်**
**(၀၄၄-၂၀၂၁၀၃၃၊ ၀၉-၄၂၀၁၃၄၃၅၉)**

## ရတနာသလ္လာအသေးစားငွေရေးကြေးရေး
## ကုမ္ပဏီလီမိတက်
## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲကြောင်းကြေညာခြင်း

ရတနာသလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၁၁၃၉၄၁၂၃၅ ဖြင့် ၂-၄-၂၀၁၈ ရက်မှစ၍ ဖွဲ့စည်းခဲ့သည်။ လုပ်ကိုင်ခွင့်လိုင်စင်အမှတ် - ၀၂၉၇/၂၀၂၀ (အမြဲတမ်း) ဖြင့် လုပ်ငန်းများလုပ်ကိုင် လျက်ရှိရာ ကုမ္ပဏီတွင် ၃-၃-၂၀၂၅ ရက်၌ပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်း အဝေး ဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြောင်းလဲ ဖွဲ့စည်းခဲ့ကြောင်း ကြေညာအပ်ပါသည်။

| ယခု ဒါရိုက်တာ | ယခင် ဒါရိုက်တာ |
|---|---|
| ၁။ ဦးမောင်မောင်စိုးတင့် | ၁။ ဦးမောင်မောင်စိုးတင့် |
| ၂။ ဒေါ်မိုးမိုးစိုး | ၂။ ဒေါ်မိုးမိုးစိုး |
| ၃။ ဒေါက်တာစန်းဝင်း | ၃။ ဒေါက်တာစန်းဝင်း |
| ၄။ ဦးပြည်စိုး | ၄။ ဦးပြည်စိုး |
| ၅။ ဦးအောင်ကျော် | ၅။ ဦးကျော်ဝေ |
| ၆။ ဦးကျော်ခိုင်စိုး | |
| ၇။ ဒေါ်မြင့်မြင့်သန်း | |

**ရတနာသလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်(YTM)**
**အမှတ်-၄၄၉ ဘီ၊ အာ ၂ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ လူနေရပ်ကွက်အမှတ်(၄၂)၊ ရွှေဥဒေါင်းလမ်း၊ မြေကွက်အမှတ်(၇၂၀) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀) ပေ x အနံ (၄၀) ပေရှိ မြေကွက်သည် သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခိုင်ခိုင်ညွှန့်[၁၂/တမန(နိုင်)၀၈၅၆၁၈] အမည်ပေါက် နှစ်(၆၀)ဂရန်အမည်ပေါက်မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ညွှန့်[၁၂/တမန(နိုင်)၀၈၅၆၁၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဦးငြိမ်းဇော် (ဘ)ဦးဇော်လွင်[၈/ရနခ(နိုင်) ၀၈၁၈၆၈]၊ (၂) ဒေါ်ခင်ပြည့်ဖြိုး(ခ)ခိုင်သဇင်နွယ်း (ဘ)ဦးညွှန့်တင် [၁၂/အလန(နိုင်) ၀၄၃၁၉၁]ကိုင်ဆောင်သူတို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL-101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၉၁၈/၁၆)** | **(စဉ်-၁၂၂၈၃/၁၇)** |
| **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း-၀၉-၄၂၀၂၄၈၈၆** |

**ရုံး - အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

ဦးရဲလင်းနောင်- ဒေါ်နီလာဌေး တို့၏သား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ Covenant International School မှ မောင်အဂ္ဂမင်းမြတ်အား ယနေ့မှ စ၍ မောင်အံ့ဘုန်းသုတ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အံ့ဘုန်းသုတ**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမင်းအောင် ၏သား ဦးသီဟ[၁၂/ဥကတ(နိုင်)၁၆၄၅၃၇] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်-MF779103)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၅၃၂၄၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစက်ပစ္စည်း ကိရိယာများနှင့် လူနာတင်ယာဉ် (Ambulance)များအား ဝယ်ယူရန် တင်ဒါအမှတ်-3DMS(2025-2026)(L) တင်ဒါ အမှတ်-4DMS(2025-2026 (L) နှင့် တင်ဒါအမှတ်-5DMS(2025-2026)(L) တို့ဖြင့် တင်ဒါများခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်) သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၈-၄-၂၀၂၅ ရက် (တနင်္လာနေ့)

ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ - ဗဟိုဆေးလှောင်ရေးဌာန၊ အမှတ်(၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၁၂-၅-၂၀၂၅ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၃၇၁၂၈၄၊ ၀၁-၃၈၄၉၃၇၊ ၀၁-၃၇၂၃၆၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၂၁၁၁/ခ) ဟု ခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို မူလအမည်ပေါက် **ဦးသာကျော်** ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ၎င်း၏ဇနီးဖြစ်သူ **ဒေါ်ထွေးရှင်** [၁၂/တမန(နိုင်)၀၂၆၉၂၂]မှ ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသန်းကိုကို** [၉/ ညဥန(နိုင်)၁၈၁၃၅၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တိုးတိုးလှ (LL.B, D.M.L, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၇)**
**အမှတ်(၅၀၆)၊ နွယ်နီ(၃)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၈၄၃၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၉၄၁)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ်(၉၄၁)ဟုခေါ်တွင်သော (၁)ထပ်အဆောက်အဦ၊ ရေ၊ လျှပ်စစ်မီး အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော** အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ **ဦးကျော်ကျော်ဦး [၁၂/ဥကမ(နိုင်)၁၁၆၂၄၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုး ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်နေ့မှ **(၁၄)**ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသက်လွင်ဦး(စဉ်-၁၈၃၃၉)** | **ဒေါ်နှင်းအိခိုင်(စဉ်-၁၈၂၄၀)** | **ဦးစောမင်းနိုင်မိုး(စဉ်-၄၉၁၉၆)** |
| **LL.B, LL.M, D.B.L, D.M.L, D.I.L,** | **LL.B, LL.M, D.A, D.M.A.C,** | **LL.B, LL.M, D.I.L** |
| **D.APsy, WIPO (Switzerland)** | **WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၄၄/၅၆)၊ ကမ်းနားလမ်းနှင့်(၄၁)လမ်းထောင့်၊ အခန်းအမှတ်(၁၀၀၆)၊ M.M.G Tower ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ ဧရာဝဏ်လမ်း၊ အမှတ်(၅)တွင် တည်ရှိသည့် Myanmar Swat International Security Group Co.,Ltd ၏ ဒါရိုက်တာ Mr. Duan Zhengli ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

Myanmar Fiber Optic Communication Network Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်နံပါတ် - ၁၄၉၄၇၈၈၀၉)မှ ဒါရိုက်တာများဖြစ်ကြသော Huang Xinglong နှင့် Dong He တို့သည် (၆-၁-၂၀၂၅)နေ့တွင် Myanmar Swat International Security Group Co.,Ltd မှတ်ပုံတင်အမှတ် - ၁၃၄၅၇၇၃၃၉ ထံသို့ ကုမ္ပဏီ၏ ရှယ်ယာရှင်အခွင့်အရေးများ၊ စီမံခန့်ခွဲမှု နှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်များအားလုံးကို အစုရှယ်ယာများရယူကာ လွှဲပြောင်းပေးခဲ့ပြီး သဘောတူညီ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့ နှစ်ဦးလုံးသည် (၃၀-၃-၂၀၂၅)နေ့မှစ၍ ဒါရိုက်တာ အဖြစ်မှ နုတ်ထွက်ကြောင်း အကြောင်းကြားစာကို ကုမ္ပဏီသို့ သီးခြားစီတင်သွင်းခဲ့ကြပြီး ဖြစ်ပါ သည်။

Huang Xinglong နှင့် Dong He တို့မှ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည့် Myanmar Fiber Optic Communication Network Co.,Ltd. ၏ ရှယ်ယာရှင်အခွင့်အရေးများ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်များအားလုံးကို Myanmar Swat International Security Group Co.,Ltd တစ်ဦးတည်းကသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် Huang Xinglong နှင့် Dong He တို့သည် Myanmar Fiber Optic Communication Network Co.,Ltd နှင့် လုံးဝသက်ဆိုင်မှု မရှိတော့ပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီများနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံးနှင့် စပ်လျဉ်း၍ ၎င်းတို့နှင့် ပတ်သက်သူများတွင်သာ တာဝန်ရှိမည်ဖြစ်ကာ အထက်ဖော်ပြပါ ကုမ္ပဏီများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေများ**

| | | | |
|---|---|---|---|
| **ဦးမောင်မောင်စိုး(B.A,R.L)** | **ဦးအောင်မျိုးဦး(LL.B)** | **ဦးဇော်မင်းလှိုင်(LL.B)** | **ဦးနိုင်မိုး(LL.B)** |
| (စဉ်-၂၂၈၉/၁၉၈၂) | (စဉ်-၈၂၃၀/၂၀၁၂) | (စဉ်-၁၄၄၇၃/၂၀၁၈) | (စဉ်-၁၉၃၅၀/၂၀၂၄) |
| ၀၉-၅၁၇၈၃၃၂ | ၀၉-၄၂၂၂၀၃၅၄၄ | ၀၉-၄၄၈၅၄၂၆၁၀ | ၀၉-၇၅၈၀၇၇၇၅၈ |

**အမှတ်-၂၁၅/၂၊ ပထမထပ်၊ (၃၆)လမ်း(အထက်)၊ (၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် -

(က) ဝန်ထမ်းအိမ်ရာနှင့် အဆောက်အဦများ တည်ဆောက်ခြင်း၊

( ခ ) ဓာတ်အားခွဲရုံ/လိုင်း ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း နှင့်

( ဂ ) ဓာတ်အားခွဲရုံ/လိုင်း တည်ဆောက်ခြင်း( Semi Turnkey )လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချခြင်းနှင့် ပြန်လည်တင်သွင်းခြင်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်အချိန်/ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

| | | |
|---|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | (၂၅-၄-၂၀၂၅ )ရက်၊ ( သောကြာနေ့) |
| တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းမည့်ရက် | - | (၈-၅-၂၀၂၅ )ရက်နေ့၊ (၁၂:၀၀)နာရီ |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | - | ( ၈-၅-၂၀၂၅ )ရက်နေ့၊ (၁၆:၃၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ခရိုင်/အထူးအဖွဲ့များမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်းများကို တည်ဆောက်ခြင်း တင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ (က) | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် နေ့ရက်/အချိန် နေရာ | - | (၂၈ - ၄ -၂၀၂၅)ရက် - နံနက်(၉:၃၀)နာရီ - တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊မကွေးမြို့ |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် | - | ( ၇ - ၅ - ၂၀၂၅)ရက် - ညနေ (၁၄ : ၀၀)နာရီ |
| (ဂ) | PO Cheque ပေးသွင်းရမည့် နောက်ဆုံးရက် | - | ( ၉ - ၅ -၂၀၂၅)ရက် |
| (ဃ) | စာအိတ်A နှင့်စာအိတ် B နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | - | ( ၁၅ - ၅ -၂၀၂၅)ရက် - ညနေ(၄:၃၀)နာရီ |
| (င) | တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန် | - | ( ၂၀ - ၅ -၂၀၂၅)ရက် နံနက်(၁၀း၀၀)နာရီ |
| (စ) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့၊ ဖုန်း(၀၆၃-၂၀၂၅၁၈၇၊ ၀၉-၇၉၇၉၄၃၈၉၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်နိုင်မြင့် (ဘ) ဦးသိန်းထွန်းဦး [၉/မကန(နိုင်)၁၆၅၅၁၉]နှင့် ဒေါ်ဝတ်ရည်ထက် (ဘ) ဦးညွန့်ဝင်း [၉/မကန(နိုင်) ၁၃၈၃၂၃]၊ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတို့သည် (၄-၄-၂၀၂၅)ရက်နေ့တွင် နှစ်ဖက်သော အသိသက်သေများရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သည့်အတွက် ကွာရှင်းပြတ်စဲသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး ပြုလုပ်သော ကိစ္စရပ်များအားလုံးသည် မည်သို့မျှသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ထက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်းထွန်း(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၁၁)**
**သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံ။ 09-253880278**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၄၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်-၇၉၁/က၊ အကျယ်အဝန်း (၂၀'x၆၀')၊ ဧရိယာ (၀.၀၂၇)ဧက၊ အကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့်အိမ်၏ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးစံအောင် [၁၂/လမန(နိုင်)၀၅၁၇၉၆]** အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပြီး အရှုပ်အရှင်းကင်းစွာပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နီလာဝင်း [၁၂/မဘန(နိုင်)၀၁၈၂၃၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နီလာအောင်(ခ)ဒေါ်နီလာလင်း [၁၂/ကမတ(နိုင်)၀၆၇၅၀၃]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင်မြင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L) အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-ဘီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-765188412**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံစသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် | - | (၂၈-၄-၂၀၂၅)ရက်နေ့ (၀၉:၃၀)နာရီ |
| | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် | - | (၅-၅-၂၀၂၅)ရက်နေ့ (၁၄:၀၀)နာရီ |
| | တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ | - | (၈-၅-၂၀၂၅)ရက်နေ့ (၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊မကွေးခရိုင်၊မကွေးမြို့ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့ ဖုန်း(၀၆၃-၂၀၂၃၀၅၃၊ ၀၆၃-၂၀၂၅၈၈၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံစသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် | - | (၂၈-၄-၂၀၂၅)ရက်နေ့ (၀၉:၃၀)နာရီ |
| | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန် | - | (၅-၅-၂၀၂၅)ရက်နေ့ (၁၄:၀၀)နာရီ |
| | တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ | - | (၈-၅-၂၀၂၅)ရက်နေ့(၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးမြို့ ဖုန်း (၀၉-၂၆၃၆၆၂၃၇၈၊ ၀၆၅-၂၁၀၄၉၊ ၀၆၅-၂၁၃၆၀)သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံစသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့် နေ့ရက်/အချိန် | - | (၂၈-၄-၂၀၂၅)ရက်နေ့ (၉:၃၀)နာရီ |
| | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်နေ့ရက်/အချိန် | - | (၅-၅-၂၀၂၅)ရက်နေ့ (၁၄:၀၀)နာရီ |
| | တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ | - | (၈-၅-၂၀၂၅)ရက်နေ့ (၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ သရက်ခရိုင်၊ သရက်မြို့ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သရက်မြို့ ဖုန်း(၀၉-၄၃၀၀၈၄၄၁၊ ၀၆၈-၂၁၀၈၉၊ ၀၆၈-၂၁၀၂၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သုံးခွမြို့နယ်တရားရုံးတော်၌
## ၂၀၂၅- ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

| | | |
|---|---|---|
| ဦးဇော်ဝင်း | နှင့် | ဒေါ်သန်းရင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ ၊ အမှတ်(၁)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၇)တွင် နေထိုင်သည့် တရားပြိုင် ဒေါ်သန်းရင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅-ခုနှစ်၊ မေလ ၂၂ ရက် (၁၃၈၇-ခုနှစ်၊ ကဆုန်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅-ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွယ်ဂျတ်အောင်)**
**မြို့နယ်တရားသူကြီး**
**သုံးခွမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်- ၁၁၁၊ မြေကွက်တည်နေရာအမှတ်- ၁၁၁၊ ဘုရင့်နောင်(၂)လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသန်းမောင် [၁၂/ဥကတ (နိုင်) ၀၀၆၇၄၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင် မြေကွက်အား ဦးသန်းမောင် (ဖခင်)နှင့် ဒေါ်သန်းနွဲ့(မိခင်)တို့ ကွယ်လွန်ပြီး မွေးဖွားသား၊ သမီး(၇)ဦး အနက် သားတစ်ဦးဖြစ်သူ ဦးသန်းနိုင် (လူပျိုကြီးဘဝဖြင့် ကွယ်လွန်)၊ သားတစ်ဦးဖြစ်သူ ဦးရန်လင်းအောင် (လူပျိုကြီးဘဝဖြင့် ထပ်မံကွယ်လွန်) သဖြင့် အမည်ပေါက်၏ ကျန်သားသမီးများဖြစ်ကြသော ဒေါ်ဝင်းငွေး [၁၂/ဥကတ(နိုင်)၀၀၆၇၅၂]၊ ဒေါ်လှဝင်းကြည် [၁၂/ဥကတ (နိုင်) ၀၀၄၈၀၅]၊ ဒေါ်ခင်သန်းဝင်း [၁၂/ဥကတ(နိုင်)၀၀၅၅၉၅]၊ ဒေါ်မြင့်မြင့်စန်း [၁၂/ဥကတ(နိုင်)၀၀၆၇၈၁]၊ ဒေါ်ခင်ခင်ငြိမ်း [၁၂/ဥကတ (နိုင်) ၁၅၉၃၆၂]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၁/၂၆၁/၂၀၂၄ (၅-၁၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် စိစစ်ရာ မြေစာရင်းမှတ်ချက်(၁)ရှိ ၁၉၉၅ ခုနှစ် ဘဏ်ချေးမြေပုံမူရင်းမှာ တစ်စုံတစ်ရာ အသုံးချခဲ့ခြင်းမရှိဘဲ သိမ်းဆည်းထားရာမှ ကာလကြာမြင့် အထားအသိမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်- ၁၅၉/၂၀၂၅ (၃-၁-၂၀၂၅)ဖြင့် တင်ပြလာမှုအပေါ် ဒေါ်ခင်ခင်ငြိမ်း+၄ မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ တောကို မှီ၏**

## ရန်ကုန်တိုင်းဒေသကြီး
## အားကစားနှင့် ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (Open Tender)

၁။ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်း/အားကစားရုံ / အဆောက်အဦများအတွက် ဆောင်ရွက်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန် | - | ၂၅-၄-၂၀၂၅ မှ ၈-၅-၂၀၂၅ ထိ - နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီ |
| ၃။ | တင်ဒါပိတ်မည့်ရက်/အချိန် | - | ၈-၅-၂၀၂၅ ညနေ ၁၆:၃၀ နာရီ |

၄။ တင်ဒါခေါ်ယူသည့် လုပ်ငန်းများ နှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

**သုမင်္ဂလာလမ်း၊ ပဒေသာအားကစားကွင်း၊**
**တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**ဖုန်း - ၀၁-၅၅၇၀၃၅၅၊ ၀၁-၅၅၇၀၅၂၁၊**
**၀၁-၅၅၇၀၉၉၈၊ ၀၉-၄၂၅၀၂၁၈၃၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်စဉ်-၁/၂၀၂၅-၂၀၂၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် (မြန်မာကျပ်ငွေ)ဝယ်ယူလိုပါ၍ စိတ်ဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/ အချိန်/နေရာ | - | ၅-၅-၂၀၂၅ (တနင်္လာနေ့) (ရုံးချိန်အတွင်း) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင် |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန် | - | (၁၄-၅-၂၀၂၅)ရက်နေ့၊ ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - | (၁၆-၅-၂၀၂၅)ရက်နေ့၊ သောကြာနေ့ နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင် |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကျုံပျော်ခရိုင်**
**ဖုန်း - ၀၉-၄၂၁၇၃၅၆၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သောင်ကြီးခွင်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၃/၄)၊ မြေကွက်အမှတ်( ၁၁၇၂ )၊ နဝဒေးShophouse အမှတ်(တိုက်-၄၊ အခန်း-၅)၊ အကျယ်အဝန်း(၁၆ပေx၇၆.၇၅)ပေ၊ မြေဧရိယာ (၁၂၂၈) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက် ဒေါ်ရီရီဝင်း [၁၂/မဂတ(နိုင်)၀၄၉၂၆၁]၊ ဒေါ်သီတာချမ်း [၁၂/တမန(နိုင်)၀၇၄၀၂၁]တို့ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ခင်မြတ်နိုးဝေ [၁၄/ဂခမ(နိုင်)၂၈၅၄၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**E-5၊ Sagawar Street/FMI City, Hlaingtharyar။ 09-426779993**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၈၅/က)ဟုခေါ်တွင်သော အကျယ်(၂၀.၃'x၆၀')ရှိ ဒေါ်ငြိမ်းငြိမ်းအောင် (ခ) ဒေါ်ချောချောအောင် အမည်ဖြင့် ခွဲစိတ်ဂရန် (ဂရန်ခွဲ)လျှောက်ထားလျက်ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၃၈၅/က)ဟုခေါ်တွင်သည့် (၃)ထပ်တိုက် နေအိမ်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်ကို ပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဒေါ်ငြိမ်းငြိမ်းအောင် (ခ) ဒေါ်ချောချောအောင် [၁၂/ဗဟန(နိုင်) ၀၀၉၁၉၀]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။ **ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းမင်းလွင် (စဉ်-၁၃၃၅၅) (၁၄-၉-၂၀၁၇)** | **ဒေါ်မြသက်ဝင်း (စဉ်-၁၈၉၉၄) (၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၂)၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊ (၄)ရပ်ကွက်၊**
